ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ မတ်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၅၀/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ ဧပြီလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၂ ခုနှစ်၊ မတ်လ )

# မာတိကာ


– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ၂၀၂၂ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် အဖွင့်မိန့်ခွန်း ၇

၂။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား Video Conferencing ဖြင့် ပြောကြားသည့်အမှာစကား ၁၀

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးရာမူဝါဒကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) တွင်ပြောကြားသည့်အမှာစကား ၁၅

၄။ အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၁၈

၅။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၂၅

၆။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျင်းပသည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ပြောကြားသည့်မိန့်ခွန်း ၃၀

၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၃၈

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၄၅

## သဝဏ်လွှာများ


၁။ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၅၃

၂။ (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၅၇


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၂၀၂၂ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အဖွင့်မိန့်ခွန်း

( ၈ - ၃ - ၂၀၂၂ )



**အားလုံးမင်္ဂလာပါ။**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ဂရုပြုအာရုံစိုက်မိလာစေဖို့နဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို အလေးထားအကောင်အထည်ဖော်လာစေဖို့ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာနဲ့အဝန်း ကျင်းပကြပါတယ်။ အဲ့ဒီလို ကျင်းပနိုင်ဖို့အတွက်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၉၆ ခုနှစ်ကစပြီး ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ပေးခဲ့ပါတယ်။

၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ဆောင်ပုဒ်ကတော့ “စဉ်ဆက်မပြတ် တိုးတက်ဖို့၊ ကျား၊ မ တန်းတူညီမျှစို့” (Gender equality today for a sustainable tomorrow) ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်အရဆိုပါက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုခိုင်မာတဲ့ အနာဂတ်တည်ဆောက်ရေးမှာ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေရေး၊ လျော့ပါးသက်သာစေရေးနဲ့ ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းတွေမှာ ဦးဆောင်ပါဝင်ဆောင်ရွက်နေတဲ့ အမျိုးသမီးများ၊ မိန်းကလေးငယ်များရဲ့ အထောက်အကူပြုစွမ်းဆောင်နိုင်မှုတွေကို အသိအမှတ်ပြုကြရမှာ ဖြစ်သလို (၂၁)ရာစု စိန်ခေါ်မှုတွေဖြစ်တဲ့ရာသီဥတုဆိုင်ရာအကျပ်အတည်းတွေ၊ဘေးအန္တရာယ်ဖြစ်ပွားမှု တွေကို လျှော့ချနိုင်ဖို့အတွက် ကျား၊ မ တန်းတူ

ညီမျှမှုကို ပိုမိုထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်းကို ကမ္ဘာ့နိုင်ငံတွေအားလုံးက သတိပြုမိစေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်တွေဆီ အရောက်လှမ်းရာမှာ ကမ္ဘာ့နိုင်ငံတွေကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေ၊ အဟန့်အတားတွေများစွာထဲက အဓိကကျတဲ့ အဟန့်အတားတွေကတော့ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုတို့ပဲ ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဟာ ဇီဝဖြစ်စဉ်များနှင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ (biophysical changes) ကိုသာမက လူမှုရေးသက်ရောက်မှုတွေကိုလည်း ဖြစ်စေပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကျား၊ မ ရေးရာ၊ အဆင့်အတန်း၊ ရွှေ့ပြောင်းမှုအခြေအနေ၊ အသက်အရွယ်၊ မသန်စွမ်းမှုစတဲ့ ဝိသေသလက္ခဏာများအပေါ် အခြေခံပြီး မညီမျှမှုတွေ၊ အမျိုးမျိုးသောထိခိုက်လွယ်မှုတွေကို ဖြစ်ပေါ်စေပါတယ်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အမျိုးသမီးတွေဟာ အမျိုးသားများထက် ပိုပြီးခံစားကြရပါတယ်။ အဲ့ဒီလိုခံစားကြရတဲ့အကြောင်းရင်းကတော့ အမျိုးသမီးတွေဟာ ရာသီဥတုပြောင်းလဲမှုကြောင့် အများဆုံးထိခိုက်မှုဖြစ်စေတဲ့ သယံဇာတတွေအပေါ် ပိုမိုမှီခိုနေရပြီး ဆင်းရဲမှုကိုလည်း ပိုပြီးခံစားနေရလို့ပဲဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေဟာ သူတို့ပါဝင်ဆောင်ရွက်တဲ့ လုပ်ငန်းသဘာဝအရ ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်များအကြောင်းကို ဗဟုသုတကြွယ်ဝသူတွေဖြစ်ကြတဲ့အတွက် ရာသီဥတု ပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေရေး၊ လျော့ပါးသက်သာစေရေးနဲ့ ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းတွေမှာ ဦးဆောင်ပါဝင်ဆောင်ရွက်ပေးနိုင်တဲ့သူတွေအဖြစ် မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးနဲ့ တုံ့ပြန်ရေးကြိုးပမ်းမှုတွေမှာ အမျိုးသမီးတွေအနေနဲ့ အမျိုးသားများနဲ့ရင်ပေါင်တန်းပြီး အပြည့်အဝနဲ့ ထိရောက်စွာပါဝင်ဆောင်ရွက်ရေးဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေကြောင်း သတိရှိကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။

ဒီလိုအမျိုးသမီးများရဲ့ အရေးပါမှုတွေကို ၁၉၉၂ ခုနှစ်မှာ အတည်ပြုခဲ့တဲ့ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change) မှာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ကျား၊ မ တန်းတူညီမျှမှုရရှိရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုပြီး အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများကို ကွန်ဗင်းရှင်းအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်စေရမည်လို့ ပြဋ္ဌာန်းထားတာကို တွေ့ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးအတည်ပြုချိန်ကစပြီး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်တွေကို အလေးထားအကောင်အထည်ဖော်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ (၂၀၁၉)၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၉)နဲ့ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀) တို့ကို မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲထားပြီး ကျား၊ မ ရေးရာတန်းတူညီမျှမှုတွေ၊ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များရဲ့အခန်းကဏ္ဍကို မြှင့်တင်ရေးကိစ္စတွေကို ပေါင်းစပ်ထည့်သွင်းထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ မဟာဗျူဟာစီမံကိန်းမှာ သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေ

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုခိုင်မာတဲ့ အနာဂတ်တည်ဆောက်ရေးမှာ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေရေး၊ လျော့ပါးသက်သာစေရေးနဲ့ ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းတွေမှာ ဦးဆောင်ပါဝင်ဆောင်ရွက်နေတဲ့ အမျိုးသမီးများ၊ မိန်းကလေးငယ်များရဲ့ အထောက်အကူပြုစွမ်းဆောင်နိုင်မှုတွေကို အသိအမှတ်ပြုကြရမှာဖြစ်သလို (၂၁) ရာစု စိန်ခေါ်မှုတွေဖြစ်တဲ့ ရာသီဥတုဆိုင်ရာ အကျပ်အတည်းတွေ၊ ဘေးအန္တရာယ် ဖြစ်ပွားမှုတွေကို လျှော့ချနိုင်ဖို့အတွက် ကျား၊ မ တန်းတူညီမျှမှုကို ပိုမိုထည့်သွင်းစဉ်းစားဖို့လိုအပ်။**

ဖြစ်အောင် တုံ့ပြန်ဆောင်ရွက်ခြင်းတို့မှာ အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာပါဝင်နိုင်တဲ့ စနစ်များ၊ ဖွဲ့စည်းပုံများ နှင့်လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရေး ကို အဓိက ဦးတည်ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသမီး များနဲ့ သဘာဝပတ်ဝန်းကျင်ကို အဓိကလုပ်ငန်းနယ်ပယ် တစ်ခုအဖြစ် ထည့်သွင်းပြီး ဆောင်ရွက်လျက်ရှိတာကို လည်းတွေ့ရှိရမှာဖြစ်ပါတယ်။ ဒီကဏ္ဍပေါင်းစုံပါဝင်တဲ့ မဟာဗျူဟာစီမံကိန်းဟာ အမျိုးသားရော အမျိုးသမီး များပါ အခန်းကဏ္ဍအသီးသီးမှာ အဓိပ္ပာယ်ပြည့်ဝစွာ တန်းတူညီမျှပါဝင်နေပြီး ပိုမိုပြည့်စုံကောင်းမွန်သော လူ့ အဖွဲ့အစည်းတစ်ရပ်ဖန်တီးရာမှာ အရေးပါတဲ့ စီမံကိန်း တစ်ခုဖြစ်တယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

၂၀၂၂ ခုနှစ်သည် အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်းရဲ့ နောက်ဆုံးနှစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် မဟာဗျူဟာစီမံကိန်းကာလအတွင်း အဓိကလုပ်ငန်း နယ်ပယ်အလိုက် အကောင်အထည်ဖော်မှုဆိုင်ရာ အား သာချက်၊ အားနည်းချက်တွေကို သုံးသပ်မှုများပြုလုပ် ပြီး ရှေ့လာမယ့်ကာလတွေအတွက်လည်း မဟာဗျူဟာ စီမံကိန်းအသစ်တစ်ခု ရေးဆွဲရေးအတွက် ဆောင်ရွက်ရ မှာဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်ရာမှာ ဝန်ကြီးဌာန/ အဖွဲ့အစည်းအသီးသီးအနေနဲ့လည်း မိမိတို့နဲ့သက်ဆိုင် တဲ့ကဏ္ဍတွေမှာ တက်တက်ကြွကြွနဲ့ ဦးဆောင်ပါဝင် ဆောင်ရွက်ပေးဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ယခုလို မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ် နဲ့ စီမံကိန်းတွေမှာ ကျား၊ မ ရေးရာ တန်းတူညီမျှမှုကို စနစ်တကျ ပါဝင်ထည့်သွင်းစဉ်းစား၍ ရေးဆွဲအကောင် အထည်ဖော်မှုတွေဟာ ရာသီဥတုပြောင်းလဲမှုနှင့်သက် ဆိုင်တဲ့လုပ်ငန်းတွေမှာ အမျိုးသမီး၊ မိန်းကလေးငယ် တွေရဲ့ ဦးဆောင်ပါဝင်နိုင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေး နိုင်ဖို့အတွက် အထောက်အကူပြုစေမယ့် ပတ်ဝန်းကျင် ကောင်းတွေကို ဖန်တီးပေးခြင်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ် မှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကျန်းမာ ပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းဖြင့် ဖော်ဆောင်ရေးအတွက် လည်း များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ အတည်ပြုလက်မှတ် ရေးထိုးခဲ့တဲ့ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား မှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းမှာ နိုင်ငံ တစ်နိုင်ငံရဲ့ ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီး တစ်ခုလုံး သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကို တည် ဆောက်ပေးတဲ့အကြောင်းတရားတို့ကို ရရှိဖို့အတွက် နယ်ပယ်အားလုံးမှာ အမျိုးသားများနှင့်တန်းတူ အမျိုး သမီးများ၏ပါဝင်မှုကို တိုးမြှင့်နိုင်သလောက် တိုးမြှင့်ပေး ဖို့လိုအပ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ဒီပြဋ္ဌာန်းချက်တွေကို အလေးအနက်ထားတဲ့အနေ နဲ့ မိမိတို့နိုင်ငံအနေနဲ့လည်း အမျိုးသမီးကဏ္ဍကို ကျယ် ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေး နဲ့ လူမှုရေးနယ်ပယ်တွေမှာသာမက နိုင်ငံရေးနဲ့ အုပ်ချုပ် ရေးနယ်ပယ်များအထိ အမျိုးသားများနဲ့ရင်ပေါင်တန်း ကာ ပါဝင်ခွင့်ရရှိရေးကို အလေးအနက်ထား လုပ်ဆောင် လျက်ရှိတာတွေကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ တိုးတက်မှုတွေကိုလည်း ရရှိနေပါတယ်။ ရရှိပြီးတဲ့ တိုးတက်မှုများကို အရှိန်ရစေဖို့၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေအနေနဲ့ အစဉ်အလာအရ တွေ့ကြုံ နေရတဲ့ အခက်အခဲအတားအဆီးတွေ၊ (၂၁) ရာစုမှာ တွေ့ကြုံရတဲ့စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် လိုအပ်နေတဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအသစ်တွေ ရေးဆွဲဖို့လိုအပ်သလို ရှိနေပြီးသည်များကိုလည်း လက်ရှိ အခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မြန်မာ နိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုး သမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံ တဲ့ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အား စုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။ ဒီလိုအဖိုးတန် တဲ့ လူသားအရင်းအမြစ်တွေကို ရာသီဥတုပြောင်းလဲမှု နဲ့ လိုက်လျောညီထွေဖြစ်စေရေးနဲ့ လျော့ပါးသက်သာ စေရေးလုပ်ငန်းအပါအဝင် ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်တို့ရဲ့ စွမ်းရည်ကို ထိထိရောက်ရောက် အသုံးချပေးဖို့နဲ့ ထိုသို့ အသုံးချနိုင်ဖို့အတွက်လည်း အမျိုး သမီးများနဲ့ မိန်းကလေးငယ်တွေရဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက် ပေးပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■ ■ ■

# နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် ပြောကြားသည့် အမှာစကား

( ၉ - ၃ - ၂၀၂၂ )



နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြီးသည့်တက္ကသိုလ်တစ်ခုဖြစ်ပြီး သင်တန်းသားများကို မှန်ကန်သည့် အယူအဆများ၊ တိကျပြတ်သားသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးနှင့် တိုင်းပြည်၏ ပကတိအခြေအနေမှန်များကို သိရှိကာ မှန်ကန်သည့်အတွေးအမြင်များ ရရှိစေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးစသည့် အမြင်လေးမြင်ဖြင့် ထည့်သွင်းစဉ်းစား တွက်ချက်တတ်စေရန် ဆွေးနွေးပို့ချပေးလျက်ရှိကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ်လ ၉ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

### မှန်မှန်ကန်ကန်သိရှိရန်လိုအပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သည် သင်တန်းသားများကို အဆင့်မြင့်ရာထူးတာဝန်များ ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် အသိပညာများရရှိစေရန် ရည်ရွယ်သင်ကြားပေးလျက်ရှိကြောင်း၊ အရာရှိကြီးများအနေဖြင့် အထက်မှပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရသည်ရှိသကဲ့သို့ မိမိကိုယ်တိုင်ဦးဆောင်မှုဖြင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် လုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးစသည့်အမြင်လေးမြင်ဖြင့်ပြည့်စုံစွာ ထည့်သွင်းစဉ်းစား တွက်ချက်ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် လိုအပ်ချက်များ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများတွင် တပ်မတော်သားအရာရှိကြီးများသာမက ဝန်ကြီးဌာနမှ အရာရှိကြီးများလည်းပါဝင်ကြောင်း၊ ကာကွယ်ရေးတာဝန်တစ်ခုတည်းသာမက အုပ်ချုပ်ရေးပိုင်းတာဝန်များကိုလည်း ထမ်းဆောင်ရသည်ဖြစ်သည့်အတွက် အမြင်လေးမြင်နှင့်ပတ်သက်၍

မှန်မှန်ကန်ကန်သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေး လုပ်ဆောင်ရန်မဟုတ်ဘဲ နိုင်ငံ့အရေးတာဝန်များကို မှန်မှန်ကန်ကန် သိရှိထမ်းဆောင်နိုင်ရန် ဆွေးနွေးလေ့ကျင့်ပို့ချနေခြင်းပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ပြောကြားရာတွင် အမြင်လေးမြင်တွင် နိုင်ငံရေးနှင့် ပတ်သက်၍ ပြောကြားရမည်ဆိုပါက မိမိနိုင်ငံ၏ နိုင်ငံရေး သမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည် ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသည့် သမိုင်းကြောင်းရှိသည့် နိုင်ငံဖြစ်ကြောင်း၊ ပုဂံခေတ်မတိုင်မီ ဘီစီ ၉၂၅ မှ အေဒီ ၉၄ ထိထင်ရှားခဲ့သည့် ပျူမြို့ပြနိုင်ငံများကို ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု သမိုင်းကြောင်း မြင့်မားခဲ့မှုကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မကြာသေးမီက ဗိဿနိုးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့ပြီး ပျူခေတ်သမိုင်းကြောင်း အထောက်အထားများကို လေ့လာခဲ့ရကြောင်း၊ ပျူခေတ်ယဉ်ကျေးမှုများသည် သမိုင်းကြောင်း မြင့်မားသဖြင့် ပျူစာပေယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိနိုင်ငံ၏ သမိုင်းကြောင်း ယဉ်ကျေးမှုကို သိရှိထိန်းသိမ်းမှသာလျှင် သမိုင်းကြောင်း အစဉ်အလာမြင့်မားခဲ့မှုကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်တက္ကသိုလ်၌ ယခင်ကပင် ပျူစာပေလေ့လာသင်ကြားမှုကို ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခဲ့ကြောင်း။

ထိုခေတ်အခါက အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းကြီးသုံးပါးသည် ဘုန်းလက်ရုံးကြီးမားခဲ့ပြီး နိုင်ငံတော်အား တည်ဆောက်ရာတွင် အင်အားကြီးမား၍ စွမ်းရည်ထက်မြက်သော တပ်မတော်များကို အခြေပြုလျက် တည်ထောင်နိုင်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

**အစိုးရအဆက်ဆက်**

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှ အစိုးရအဆက်ဆက်ကို ပိုင်းခြားကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ ဖဆပလ အစိုးရကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ခုနှစ်ထိ အိမ်စောင့်အစိုးရကာလ၊ ၁၉၆၀ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ သန့်ရှင်းဖဆပလအစိုးရကာလ၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကာလ၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ တပ်မတော်အစိုးရကာလ၊ ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ဒီမိုကရေစီအစိုးရကာလဖြစ်ပြီး ၂၀၂၁ ခုနှစ်မှ ယနေ့အချိန်အထိ ကာလကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ရလျက်ရှိကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းမှု ကာလအချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး ယင်းဥပဒေကို ၁၉၄၇ ခုနှစ်၌ တိုင်းပြုပြည်ပြု လွှတ်တော်တွင် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ သတိပြုရမည်မှာ ပြည်သူလူထုတစ်ရပ်လုံး မဲပေးအတည်ပြုခဲ့သည့် ဥပဒေမဟုတ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှာ ပြည်သူလူထုတစ်ရပ်လုံးထံမှ ဆန္ဒမဲကောက်ခံ အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားပြီး လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုအခြေအနေ၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုကြောင့်ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ တပ်မတော်အစိုးရလက်ထက်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ပေးခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းနှင့် ဒုတိယအစိုးရသက်တမ်းကာလတို့တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသမိုင်းကြောင်းများကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

**စစ်မှန်စွာကိုယ်စားပြုရန် လိုအပ်မည်**

ထို့နောက် နိုင်ငံရေးဆိုင်ရာအမြင်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပထမဆုံးလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲ

ကော်မရှင်မှ စစ်ဆေးတွေ့ရှိသည့် မဲစာရင်းမသမာမှုများသည် တပ်မတော်မှစစ်ဆေးတွေ့ရှိသည့် ရလဒ်များထက်ပင် ပိုမိုများပြားနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်၏ အသက်ပင်ဖြစ်ကာ ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတာဝန်များကို ထမ်းဆောင်ရမည့်သူများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ရွေးချယ်ပေးရမည့်သူများဖြစ်သည့်အတွက် ရိုးသားစွာဖြင့် အနိုင်ရရှိသည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်ပြီး ပြည်သူလူထုကို စစ်မှန်စွာ ကိုယ်စားပြုရန် လိုအပ်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲစာရင်းသည် သန်းခေါင်စာရင်းကို အခြေခံပြီး ကောက်ခံရခြင်းဖြစ်ပြီး ခေတ်အဆက်ဆက်တွင်လည်း ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင်လည်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ခံခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်သည့် ကမ္ဘာတွင် ခိုင်မာမှုအရှိဆုံးသော သန်းခေါင်စာရင်း ၁၀ နိုင်ငံထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ စာရင်းသည် ၎င်းသန်းခေါင်စာရင်းကို အခြေခံ၍ပြုလုပ်ထားခြင်းဖြစ်ပြီး ၃၄ ဒသမ ၂၉ သန်းကျော်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူစာရင်းသည် ၃၈ ဒသမ ၂၇ သန်းကျော်အထိရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သုံးသပ်ကြည့်မည်ဆိုပါက ၁၉၇၄-၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ၂ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ၁ ရာခိုင်နှုန်းအောက်တွင်သာရှိသည်ကို လူဦးရေစာရင်းပညာရှင်များနှင့် ကျွမ်းကျင်သူများ၏ စနစ်တကျတွက်ချက်မှုအရ တွေ့ရှိရကြောင်း၊ ၂၀၁၄ ခုနှစ်တွင်ကောက်ခံခဲ့သည့် မဲပေးခွင့်ရှိသူ ၃၄ ဒသမ ၂၉ သန်းကို ၁ ရာခိုင်နှုန်းနှင့် တွက်မည်ဆိုပါက တစ်နှစ်လျှင် ၃ ဒသမ ၄ သိန်းရှိမည်ဖြစ်ပြီး ၅ နှစ်ဆိုပါက ၁ ဒသမ ၇ သန်းရှိမည်ဖြစ်ကာ အလွန်ဆုံး ၂ သန်းသာ လူဦးရေတိုးပွားမှုရှိရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် ကောက်ခံရရှိမှု မဲပေးခွင့်ရှိသူမှာ ၃၈ ဒသမ ၂၇ သန်းထိရှိနေသည်ကို မဖြစ်နိုင်ဖွယ်ရာ တွေ့ရှိရမည်ဖြစ်ကြောင်း၊ Population Pyramids တွင် ကြည့်မည်ဆိုပါကလည်း 2014 Census တွင် အသက် ၁၄ နှစ်မှ အသက် ၅၅ နှစ်အထိသည် ကွာဟမှုကျဉ်းမြောင်းသည်ကို တွေ့ရှိရမည်ဖြစ်သဖြင့် တွက်ချက်မှုများအရ ၂၀၂၀ ပြည့်နှစ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၂၇ သန်းရှိသည်မှာ ဖြစ်နိုင်မည်မဟုတ်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ ခိုင်မာသောသန်းခေါင်စာရင်းကို အခြေခံ၍ မဲစာရင်းပြုစုခြင်းမဟုတ်သောကြောင့် ဖောင်းပွမှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ ကြေညာရာတွင်လည်း စာရင်းကွဲလွဲမှုများဖြင့် အမျိုးမျိုး ကြေညာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိစေရေး မသမာသောနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုအခြေအနေများအရ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် နိုင်ငံတော်၏ တာဝန်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

**မဖြစ်မနေလိုအပ်**

ယင်းနောက် စီးပွားရေးဆိုင်ရာအမြင်နှင့်ပတ်သက်၍ စီးပွားရေးသည် နိုင်ငံတစ်နိုင်ငံ၏ အဓိက မောင်းနှင်အား

> **အမြင်လေးမြင်တွင် နိုင်ငံရေးနှင့်ပတ်သက်၍ ပြောကြားရမည်ဆိုပါက မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်၊ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက် နယ်နိမိတ်နှင့် ခိုင်မာသည့် သမိုင်းကြောင်းရှိသည့် နိုင်ငံဖြစ်၊ ပုဂံခေတ်မတိုင်မီ ဘီစီ ၉၂၅ မှ အေဒီ ၉၄ ထိ ထင်ရှားခဲ့သည့် ပျူမြို့ပြနိုင်ငံများကို ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းကြောင်းမြင့်မားခဲ့မှုကို တွေ့ရှိနိုင်မည်ဖြစ်။**

ပင်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရန် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရပထမသက်တမ်းကာလတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများရှိခဲ့သည်ဖြစ်သော်လည်း ကုန်သွယ်မှုလိုငွေများ ရှိခဲ့ကြောင်း၊ ဒုတိယအစိုးရသက်တမ်းကာလတွင် GDP တိုးတက်မှုများ ကျဆင်းလာခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၁ ဘီလီယံကျော်ထိရှိခဲ့ကြောင်း၊ ပထမသက်တမ်းနှင့် ဒုတိယအစိုးရသက်တမ်းကာလ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခဲ့ခြင်းမရှိဘဲ သွင်းကုန်ကို အဓိကထားလုပ်ဆောင်ခဲ့သောကြောင့် ကုန်သွယ်မှုလိုငွေ များပြားလာခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည့် ပြည်ပချေးငွေများဖြင့် ဆောင်ရွက်ထားရှိသည့် ပြည်တွင်းအခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အရေးပါသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ရပ်တန့်ပစ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် လုပ်ငန်းများ ရပ်တန့်သွားပြီး ချေးငွေ၊ အတိုး၊ အရင်းများ အလဟဿပေးဆပ်ခဲ့ရကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ စက်သုံးဆီ၊ စားသုံးဆီ၊ အခြေခံဆောက်လုပ်ရေးပစ္စည်းများနှင့် ချည်ထည်ပစ္စည်းများကိုလည်း နှစ်စဉ်ဒေါ်လာဘီလီယံနှင့်ချီ၍ တင်သွင်းနေရသဖြင့် ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

စီးပွားရေးအမြင်သည် နိုင်ငံရေးအမြင်နှင့်လည်း ဆက်စပ်လျက်ရှိပြီး စီးပွားရေးအားကို ကောင်းအောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အေးချမ်းသာယာသည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာလျှင် လူနေမှုဘဝမြင့်မားလာမည်ဖြစ်သဖြင့် နိုင်ငံအတွက် စီးပွားရေးအမြင်များ တိုးတက်လာစေရန်နှင့် စီးပွားရေးစီမံခန့်ခွဲမှုများ မြင့်မားလာစေရန် လေ့လာအားထုတ်ရမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတန်းပညာတတ်မြောက်မှုရာခိုင်နှုန်းနည်းပါးသဖြင့် စာတတ်မြောက်မှုရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးသည့်နိုင်ငံတိုင်း ပညာရေးအဆင့်အတန်းမြင့်မားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်နယ်များတွင် ပညာရေးအားပေးမှုနည်းပါးသဖြင့် ပညာရေးအားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဘာသာစကားအခက်အခဲများရှိသည်ဖြစ်သော်လည်း နိုင်ငံတော်၏ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစကားကို တတ်မြောက်ရန်လိုကြောင်း၊ ပြည်သူမှရွေးချယ်ထားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် အသိပညာ၊ အတတ်ပညာဖြင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်မည်ဖြစ်ကြောင်း။

## ဦးတည်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝ သည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများနှင့် ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုဖြစ်သည့်အတွက် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုမျှဝေခံစားသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် ပြည်ထောင်စုနိုင်ငံကိုသွားရမည်ဖြစ်ကြောင်း၊ တူညီသည့် အခွင့်အရေးများရရှိကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေး၌လည်း နိုင်ငံသားအားလုံးပါဝင်သည့် အမျိုးသားကာကွယ်ရေးစနစ်ကိုပုံဖော်ရမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်သည့် ကျေးလက်ကိုအခြေခံသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ခိုင်မာစွာလျှောက်လှမ်းမည်ဖြစ်ကြောင်း။

သင်တန်းသား အရာရှိကြီးများအနေဖြင့် သင်တန်းဆင်းပြီးသည့်အချိန်တွင် ထမ်းဆောင်ရမည့်တာဝန်များကို အထောက်အကူဖြစ်စေရန်အတွက် ယခုကဲ့သို့ သမိုင်း

ကြောင်းများ၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်ချက်များကို အချိန်ယူရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း၊ အမြင်ကျယ်ပြန့်စွာဖြင့် စဉ်းစားတွေးခေါ်လုပ်ဆောင်နိုင်ရေးအတွက် သမိုင်းကြောင်းနောက်ခံအကြောင်းအရာများကို သိရှိရန်လိုအပ်ပြီး နောက်ခံအကြောင်းအရာများကို မသိရှိပါက ရှေ့ဆက်လက်လုပ်ဆောင်ရမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်များကို မှန်ကန်စွာချမှတ်နိုင်မည် မဟုတ်သဖြင့် နောက်ခံသမိုင်းအကြောင်းအရာများကို သိရှိရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် ကာကွယ်ရေးအမြင်များကို အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားတွေးခေါ်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးရာမူဝါဒကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၁၀ - ၃ - ၂၀၂၂ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးရာမူဝါဒကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)ကို မတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်၊ ဒေါက်တာသီတာဦး၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးထွဋ်၊ ဒေါ်သန်းသန်းလင်း၊ ဦးသန်းအောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် လွတ်လပ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်သောကြောင့် နိုင်ငံတကာဆက်ဆံရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁ တွင် လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်၊ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟု ပါရှိပြီးဖြစ်ပြီး အဆိုပါမူဝါဒအတိုင်း ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ယခင်က ကြားနေနိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး လွတ်လပ်ပြီး တတ်ကြွသည့် နိုင်ငံခြားရေးမူဝါဒဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ဘက်မလိုက်အုပ်စုတွင်လည်း ပါဝင်ခဲ့ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ

ဆက်ဆံရေးတွင် အမြင့်ဆုံးပါဝင်ခဲ့သည်များရှိကြောင်း။

**အလေးထားဆောင်ရွက်**

ဒေသတွင်း နိုင်ငံတကာဆက်ဆံရေးအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ရောက်ရှိခဲ့ကြောင်း၊ အိမ်နီးနားချင်း ငါးနိုင်ငံနှင့်လည်း နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်သည်များလည်းရှိကြောင်း၊ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ရွေးချယ်ခွင့်မရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ရန်လိုအပ်ပြီး လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆက်ဆံဆောင်ရွက်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁ တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံတော်၏ နိုင်ငံခြားရေးအခြေခံမူများအတိုင်း အကောင်းဆုံးဖြစ်အောင် ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ရုံးရှိသကဲ့သို့ နိုင်ငံတကာတွင်လည်း သံအမတ်ကြီးများခန့်အပ်၍ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် မိမိတို့နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် များစွာသက်ရောက်မှုရှိသဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

> မိမိတို့နိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုမှုနှင့်ပတ်သက်၍လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်သည့် အိမ်နီးနားချင်းနိုင်ငံဆက်ဆံရေးမှစတင်ခဲ့ခြင်းဖြစ်၊ ကိုလိုနီခေတ်တွင်စတင်ခဲ့သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး အဆိုပါလူဝင်မှုပြဿနာများမှ ယခုအခါ အဆိုပါတရားစွဲဆိုမှုပြဿနာအထိ ရောက်ရှိခဲ့ခြင်းဖြစ်၊ ယခုတရားစွဲဆိုသည့် ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း မိမိတို့နိုင်ငံနှင့် တိုက်ရိုက်ထိတွေ့သည့် နိုင်ငံတစ်ခုမဟုတ်ဘဲ ကိုယ်စားလှယ်အနေဖြင့် ဝင်ရောက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရ။

**ကိုလိုနီခေတ်တွင် စတင်ခဲ့**

မိမိတို့နိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုမှုနှင့် ပတ်သက်၍လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်သည့် အိမ်နီးနားချင်းနိုင်ငံဆက်ဆံရေးမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုလိုနီခေတ်တွင်စတင်ခဲ့သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး အဆိုပါလူဝင်မှုပြဿနာများမှ ယခုအခါ အဆိုပါတရားစွဲဆိုမှုပြဿနာအထိ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတရားစွဲဆိုသည့် ဂမ်ဘီယာနိုင်ငံအနေဖြင့်လည်း မိမိတို့နိုင်ငံနှင့် တိုက်ရိုက်ထိတွေ့သည့် နိုင်ငံတစ်ခုမဟုတ်ဘဲ ကိုယ်စားလှယ်အနေဖြင့် ဝင်ရောက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါတရားစွဲဆိုမှုနှင့်ပတ်သက်၍ ဥပဒေပိုင်းဆိုင်ရာများတွင် ခိုင်ခိုင်မာမာဖြင့်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအားလုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မမှန်ကန်သည့်စွပ်စွဲချက်များဖြင့် မိမိတို့နိုင်ငံ၏ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် တပ်မတော်ကိုထိခိုက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်ရန်၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်ရန်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် မတိုင်မီကဖြစ်စဉ်များတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးမရရှိသေးဘဲ အုပ်ချုပ်ခံလူတန်းစားအနေဖြင့်သာရှိခဲ့သဖြင့် အဆိုပါအချိန်က အုပ်ချုပ်သူများ၏ အလိုကျဆောင်ရွက်ခဲ့မှုများကြောင့် ပြည်သူလူထုနှင့် တိုင်းပြည်က နစ်နာခဲ့ရကြောင်း၊ အလားတူ လွတ်လပ်ရေးရပြီးစတွင်လည်း အင်အားနည်းသည့်နိုင်ငံကို အင်အားကြီးမားသည့်နိုင်ငံများက မျိုးစုံခြိမ်းခြောက် ဖိအားပေးခဲ့သည်များလည်း ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအင်အားရှိရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် သွားရောက်ရင်ဆိုင်ချိန်တွင်လည်း အင်အားကိုရအောင်တည်ဆောက်၍ ဆောင်ရွက်ခဲ့ရကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံကို ကိုယ်စားပြု၍ ပြန်လည်ရှင်းလင်းပြောဆိုမှုများသည် နိုင်ငံအတွက် အားများစွာဖြစ်စေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများ

ကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်မှုသည် နိုင်ငံတကာဆက်ဆံရေး၏ ပင်မအလုပ်ဖြစ်သဖြင့် လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍသည် ပိုမိုခိုင်မာမှုရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နယ်သာလန်နိုင်ငံသည် ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ မြန်မာနိုင်ငံက တင်သွင်းခဲ့သော ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့က အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် ဥပဒေကြောင်းအရ တင်ပြလျှောက်လဲခဲ့ခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့်က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံခြားရေးရာမူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အဆုံးအဖြတ်ပေးရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နှင့် ကော်မတီတွဲဖက်အတွင်းရေးမှူးတို့က အမှာစာများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှား-ယူကရိန်း ပဋိပက္ခနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအတွက် International Law နှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုအပ်မှု၊ ဂမ်ဘီယာကိစ္စနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးမှ မည်ကဲ့သို့ဆုံးဖြတ်သည်ဖြစ်စေ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်အရေးယူဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံတကာကိစ္စရပ်များတွင် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒအတိုင်း ကျင့်သုံးဆောင်ရွက်သွားမည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

■ ■ ■

# အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၁၅ - ၃ - ၂၀၂၂ )




အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)ကို ၁၅-၃-၂၀၂၂ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာငွေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဒေါက်တာကံဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးသန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**ဘဏ္ဍာရေးနှစ်သစ်**

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် လာမည့်ဘဏ္ဍာရေးနှစ်သည် ဘဏ္ဍာရေးနှစ်သစ်ဖြစ်သည့် ဧပြီလမှ မတ်လအထိကာလကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခက်အခဲများကို ကျော်လွှားဆောင်ရွက်နိုင်ခဲ့သည်များ ရှိသကဲ့သို့ အောင်မြင်မှုများလည်း အသင့်အတင့်ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် လာမည့်ဘဏ္ဍာနှစ် နှစ်သစ်တွင် လုပ်ဆောင်မှုများအားလုံးကို မှတ်တမ်းမှတ်ရာများထားရှိ၍ ရဲရဲ

တင်းတင်းဖြင့် ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းများ အောင်မြင်စေရန် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး လာမည့်ကာလအတွက် ရေးဆွဲထားသည့် ရည်မှန်းချက်ကို ပြည့်ဝစွာအကောင်းဆုံး ဆောင်ရွက်နိုင်ရေးနှင့် စွန့်စားရမှု(risk) အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခုတင်ပြလာသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းသည် အမျိုးသားဖွံ့ဖြိုးမှု(၅)နှစ်စီမံကိန်းမူဘောင်ကို အခြေခံပြီး ရေးဆွဲထားသည်ကိုလည်း တွေ့ရပါကြောင်း၊ (၅)နှစ် စီမံကိန်းမူဘောင်ကို နှစ်စဉ်စီမံကိန်းများနှင့် ပြန်လည်ချိန်ညှိပြီး ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် နောင်ကာလများတွင် တာဝန်ယူဆောင်ရွက်မည့်အစိုးရများက ပြန်လည်သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူနေသည့် အရေးပေါ်ကာလတွင် ပြည်သူပြည်သားများ၏ စားဝတ်နေရေးဖူလုံရေးနှင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့်ပြီးမြောက်စေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များကို အတတ်နိုင်ဆုံး အကောင်အထည်ဖော်နိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိပါကြောင်း၊ လာမည့်နှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူလူထု၏ စားဝတ်နေမှုဖူလုံစေရေးများကို အလေးထား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ အဆိုပြုထားသည့် အလျင်အမြန် အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်မည့် စီမံကိန်းများကို အချိတ်အဆက်မိမိဖြင့် သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးကြပ်သွားရမည်ဖြစ်ပါကြောင်း၊အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စနစ်တကျမှတ်တမ်းတင်ပြီး အစီရင်ခံရမည်ဖြစ်ပါကြောင်း၊ သို့မှသာရည်မှန်းထားသည့်အတိုင်း အကျိုးကျေးဇူးရရှိမည်ဖြစ်ပါကြောင်း။

**အမြန်ဆုံးပြီးပြတ်စေရေး**

အလျင်အမြန် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ရန် လိုအပ်သကဲ့သို့ဆောင်ရွက်ဆဲစီမံကိန်းကြီးများ အမြန်ဆုံး ပြီးပြတ်စေရေးနှင့် စီမံကိန်း၏ အကျိုးရလဒ်များကို ပြည်သူများအမြန်ဆုံးရရှိခံစားနိုင်စေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်းရန်ပုံငွေထည့်သွင်းလျာထားထားသည့် ဆောင်ရွက်ဆဲလုပ်ငန်းများ ပြီးပြတ်စေရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ပေါင်းစပ်ညှိနှိုင်းပြီး တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ပေါင်းစပ်အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းများကိုလည်း တာဝန်ယူ၊ တာဝန်ခံမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဦးမော့စေရန် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်ရန်အတွက် ဆေးထိုးနှံရေးသည် အဓိကကျသည့်အတွက် ဆေးဝါးများရရှိရေး၊ ဆေးဝါးများကို မြန်မာပြည်အနှံ့ ဒေသအသီးသီးသို့ အလျင်အမြန်ရောက်ရှိစေရေး၊ ဦးတည်အုပ်စုအလိုက် ဆေးထိုးနှံမှုများကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း။

လာမည့်ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ဆေးထုတ်လုပ်မှုကို ရေတိုအစီအစဉ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Ready to fill bulk အနေဖြင့်ဝယ်ယူပြီး ပုလင်းသွင်းဖြည့်တင်း ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်သွားရန်အတွက် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ Ready to fill Bulk ဝယ်ယူထုတ်လုပ်ခြင်းဖြင့် ယခုဝယ်ယူ အသုံးပြုနေရသည့် ဈေးနှုန်းထက်သက်သာပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျလာမည်ဖြစ်ပါကြောင်း၊

သက်ဆိုင်ရာဌာနများကလည်း ရည်မှန်းထားသည့်အတိုင်း ထုတ်လုပ်နိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးရန်အတွက် လိုအပ်သည့်အစီအမံများ ရေးဆွဲဆောင်ရွက်ရန်အတွက်လည်း လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ ပြည်တွင်းတွင် ထုတ်လုပ်မှု မလုံလောက်မှသာ ပြည်ပမှတင်သွင်းရန်အတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် မလိုလားအပ်သည့်စရိတ်များ လျှော့ချနိုင်ရေးနှင့် အရည်အသွေးပြည့်မီရေးကိုလည်း ထည့်သွင်းစဉ်းစားသွားရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဝယ်လိုအား (Demand) လိုအပ်ချက်နှင့် ရောင်းလိုအား (Supply)ပေးနိုင်မှုကို ထိန်းညှိဆောင်ရွက်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ရပ်ဆိုင်းထားသည့် စက်ရုံ၊ အလုပ်ရုံများကို သတ်မှတ်

**နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီး၊ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ (၅) နှစ်နှင့်အထက် လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသည် လုံးဝကျောင်းမနေဖူးသူများ ဖြစ်သည်ကိုတွေ့ရပြီး အခြေခံပညာအဆင့်ကို ပြီးမြောက်သည့် ရာခိုင်နှုန်းသည်လည်း ၂၂ ရာခိုင်နှုန်းကျော်သာရှိသည်ကို တွေ့ရသည့်အတွက် အတန်းပြီးမြောက်မှုနှုန်း မြင့်မားရေးနှင့် သက်မွေးပညာသင်တန်းများမှ တစ်ဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်။**

အချိန်အတိုင်း လည်ပတ်နိုင်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို အရည်အသွေးပြည့်မီစွာ ထုတ်ပေးနိုင်ရန်အတွက် တာဝန်ယူရမည်ဖြစ်သကဲ့သို့ ဝန်ဆောင်မှုအရည်အသွေးတိုးတက်စေရေးကိုလည်း ထည့်သွင်းအကောင်အထည်ဖော်ပေးရမည် ဖြစ်ပါကြောင်း။

**အားပေးကူညီပေးရမည်**

နိုင်ငံအတွင်း အမှန်တကယ်ရင်းနှီးမြှုပ်နှံလိုသူများ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် အားပေးကူညီပေးရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပြုထားသည့်လုပ်ငန်းများအတွက် လုံခြုံမှုနှင့်အခက်အခဲများရှိပါက ဌာနများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ အသစ်ဝင်ရောက် ရင်းနှီးမြှုပ်နှံသူများကိုရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်ရေးအတွက် ခြိမ်းခြောက်ဟန့်တားနေမှုများကိုလည်း ဥပဒေနှင့်အညီဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းများ တစ်ပြေးညီဖြစ်စေရေးကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကို တွန်းအားပေးဆောင်ရွက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည့် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသာမက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ (၅)နှစ်နှင့်အထက် လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသည် လုံးဝကျောင်းမနေဖူးသူများ ဖြစ်သည်ကိုတွေ့ရပြီး အခြေခံပညာအဆင့်ကို ပြီးမြောက်သည့် ရာခိုင်နှုန်းသည်လည်း ၂၂ ရာခိုင်နှုန်း ကျော်သာရှိသည်ကို တွေ့ရသည့်အတွက် အတန်းပြီးမြောက်မှုနှုန်း မြင့်မားရေးနှင့် သက်မွေးပညာသင်တန်းများမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးကို အလေးထား

ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါအစီအမံများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက အလေးထားအကောင်အထည်ဖော်ပေးရန်လိုအပ်ပါကြောင်း၊ မသင်မနေရပညာရေးအဆင့်ကို မိမိတို့အစိုးရအနေဖြင့် KG+9 ပြီးမြောက်စေရန်အတွက် မိဘ၊ ဆရာ၊ ကျောင်းသားအုပ်ချုပ်ရေးအဖွဲ့အစည်းတို့က ကြိုးပမ်းရမည်ဖြစ်သည့် အပြင်လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းကြိုးပမ်းပေးရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသည့် ပညာရေးစနစ်ဖြစ်စေရန်အတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

အလားတူ ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းတည်ထောင်နိုင်ရေးနှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်းတိုးမြှင့်နိုင်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများတိုးမြှင့်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအသောက်များကို မျှတစွာစားသုံးနိုင်ရန် ပညာပေးလုပ်ငန်းများမြှင့်တင်ခြင်း၊ အစားအစာဘေးကင်းလုံခြုံရန်အတွက် စစ်ဆေးခြင်းများနှင့် ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးနှင့် ကုသရေးကိရိယာများ ခေတ်မီစွာသုံးစွဲနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်မည့် အစီအမံများကိုလည်း ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးများ အဆင့်မြှင့်တင်နိုင်ရန်နှင့် ကျေးလက်ဒေသကျန်းမာရေးလုပ်ငန်းများ လက်လှမ်းမီစေရေးအတွက်လည်း ဘဏ္ဍာငွေခွဲဝေချထားပေးလျက်ရှိသည့်အတွက် ရည်မှန်းထားသည့်လုပ်ငန်းများ အောင်မြင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး

အားကစားကဏ္ဍ မြှင့်တင်ရေးနှင့်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးတို့အတွက် ကျောင်းတွင်းအာဟာရကျွေးမွေးရေးနှင့် ကျောင်းအားကစားကွင်းများ အဆင့်မြှင့်တင်ခြင်း၊ မြို့နယ်များတွင် အားကစားဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လျာထားဆောင်ရွက်ပေးထားသည်ကို သိရှိရပါကြောင်း၊ ပညာရေးနှင့် အားကစားတွဲဖက်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးတက်စေရေးကိုလည်း သက်ဆိုင်ရာဌာနများက ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

မမျှော်မှန်းနိုင်သော သဘာဝဘေးများကြောင့်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျစီမံရမည်ဖြစ်ပါကြောင်း၊ ထိခိုက်လာပါကလည်း အထိအခိုက်၊ အပျက်အစီးအနည်းဆုံးဖြစ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျဆောင်ရွက်ရန်မှာကြားလိုပါကြောင်း၊ စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရန်အတွက် ကဏ္ဍဆိုင်ရာတာဝန်ယူထား ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာကို တာဝန်ယူထားကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစွာ ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ထည့်သွင်းပြော ကြားလိုပါကြောင်း။

ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကိုလည်း ပါဝင်ပတ်သက်ကြသည့် ဌာနများအကြားတွင် ကျိုးကြောင်းဆီလျော်စွာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ သီးနှံအထွက်နှုန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့် သွင်းအားစုများကို ပြည်တွင်းမှ ထုတ်လုပ်နိုင်ရေးကိုလည်း လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသ၏ အားသာချက်များအပေါ်မူတည်ပြီး ဒေသစားနပ်ရိက္ခာ ဖူလုံရေးနှင့်ပိုလျှံမှုကို ပြည်တွင်းနှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်မည့် နည်းလမ်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

## ဦးစားပေးအလိုက်ဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးမည့်လုပ်ငန်းများနှင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်သွားရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ရှေ့နောက်ညီညွတ်မှုနှင့် အလျင်အမြန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဦးစားပေးအလိုက် ခွဲခြားပြီး လက်တွေ့ကျကျဆောင်ရွက်သွားရန် လိုမည်ဖြစ်ပါကြောင်း၊ ယနေ့တင်ပြမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းလျာထားချက်များကို သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဟန်ချက်ညီညီ

ပူးပေါင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းများ အောင်မြင်စေရေးအတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုမည်ဖြစ်ပါကြောင်း၊ မိမိတို့တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ပါက အောင်မြင်မှုမလွဲဧကန် ရရှိနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပေါင်းစည်းဆောင်ရွက်မှု နည်းလမ်းဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှပေးပို့လာသည့် အချက်အလက်များနှင့် စာရင်းဇယားများအပေါ်အခြေခံ၍ (၅)နှစ်အမျိုးသားစီမံကိန်းအတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ပျမ်းမျှ ၄ ဒသမ ၃ ရာခိုင်နှုန်းခန့်ရည်မှန်းထားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေနှင့် စီးပွားရေးမျှော်မှန်းချက်အနေဖြင့် နှစ်လယ်လူဦးရေပျမ်းမျှ ခန့်မှန်း ၅၅ ဒသမ ၈ သန်းပေါ်မူတည်၍

**မေခရိုစီးပွားရေးတည်ငြိမ်ရေးသည် အရေးကြီးပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် ဈေးနှုန်းတည်ငြိမ်ရေးအတွက်ကိုလည်း ထိန်းကျောင်း ကြပ်မတ်ရမည်ဖြစ်၊ ထို့ကြောင့် ထုတ်လုပ်မှုကဏ္ဍများအနေဖြင့် ပြည်တွင်း စားသုံးမှုဖူလုံစေရေး၊ လျာထားချက်ပြည့်မီစေရေးတို့အတွက် ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ကြီးကြပ်ဆောင်ရွက်ရန် လိုမည်ဖြစ်၊ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် စီးပွားရေးအင်အားပေါ်တွင် များစွာမူတည်နေသည့်အတွက် စီးပွားရေး ကောင်းမွန်စေရေးသည် အလွန်အရေးကြီး။**

စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ကျပ်သန်း ၁၂၃ ၉၃၃ ၇၄၁ ဒသမ ၉၊ ဂျီဒီပီတိုးတက်နှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်း၊ ကဏ္ဍကြီးအလိုက် ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်းအနေဖြင့် လယ်ယာကဏ္ဍကြီး ၂ ဒသမ ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး ၄ ဒသမ ၀ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရေး စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုအနေဖြင့် ဂျီဒီပီ၌ ကဏ္ဍကြီးများ၏ နှစ်အလိုက် ဈေးနှုန်းများအရ ပါဝင်မှုအချိုးအစားကို လယ်ယာကဏ္ဍကြီး ၂၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၂ ဒသမ ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး ၃၇ ဒသမ ၁ ရာခိုင်နှုန်းမှ ၃၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၄၀ ဒသမ ၀ ရာခိုင်နှုန်းမှ ၃၉ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းလျာထားသည်ကိုတွေ့ရပါကြောင်း။

**ထည့်သွင်းစဉ်းစားဆောင်ရွက်**

အမျိုးသားစီမံကိန်းရည်မှန်းချက်များ အပြည့်အဝအကောင်အထည်ဖော်ရာတွင် နိုင်ငံ၏ လူမှုစီးပွားအခြေအနေများသာမက ပြည်ပသက်ရောက်မှု၊ ကုန်သွယ်ဘက်မိတ်ဆွေနိုင်ငံများ၏ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် သတိပြုကြရန်လိုအပ်သကဲ့သို့ FDI ပိုမိုစီးဝင်စေရေး၊ ကုန်သွယ်မှုတိုးမြှင့်စေရေးအပါအဝင် မိတ်ဘက်နိုင်ငံများနှင့် ဆက်ဆံမှုပြုရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းခိုင်မာ အားကောင်းစေရေးနှင့် လုံခြုံတည်ငြိမ်ရေးသည်လည်း အရေးပါသည့် အဓိကအကျုံးဝင်သောအချက်ဖြစ်သည်ကို ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အထက်ပါအချက်များဆောင်ရွက်နိုင်ရေး ယနေ့အချိန်အတွက် အထူးအရေးကြီးသည့်အချက်သည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါဘေးဆိုးကြီး၏ ရိုက်ခတ်မှုအန္တရာယ်မှ လျင်မြန်စွာလွန်မြောက်စေရန်၊ ကိုဗစ်ကပ်ရောဂါနှင့်အတူ ယှဉ်တွဲလုပ်ငန်းဆောင်ရွက်နိုင်စေရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ Ready to Fill စနစ်ဖြင့် စတင်ထုတ်လုပ်နိုင်ပြီဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ်ဧပြီလကုန်အပြီး တစ်နိုင်ငံလုံး ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံပြီးစီးရေးကိုလည်း ရည်မှန်းချက်ထားလျက်

အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က (၅)နှစ် စီမံကိန်းမူဘောင်နှင့် အဆိုပါမူဘောင်၏ ပထမနှစ်ဖြစ်သည့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအဆိုပြုမူကြမ်း ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် စီမံကိန်းများရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းဆိုသည်မှာ (၅)နှစ်အမျိုးသားစီမံကိန်း အပေါ်အခြေခံ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အဆိုပြုချက်များဖြင့် လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရေးအတွက် စီမံကိန်းလျာထားချက်များအတိုင်း အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများသည် ပြည်ထောင်စုအဆင့်တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်ပြီးမြောက်စေရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်တစ်ခုပြီးမြောက်နိုင်ရန်အတွက် သာမန်သာဆောင်ရွက်နေမှုမျိုးမဟုတ်ဘဲ မိမိတို့လုပ်ဆောင်သင့်သည်များကို တွန်းအားမပါဘဲ အသိစိတ်ဓာတ်ရှိရှိဖြင့်ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်း၊ စီမံကိန်းများအောင်မြင်စေရန်အတွက် ဆောင်ရွက်ရာတွင် သွင်းအားစုများမှန်မှန်ရရှိအောင် စီမံဆောင်ရွက်ပေးရန်နှင့် အကျိုးရှိရှိအသုံးချကြရန်လိုကြောင်း၊ ငွေကြေးများသုံးစွဲရာတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲကြရန်လိုပြီး မကုန်သင့်သည်များ ကုန်ကျမှုမရှိရန် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းပြည်အတွက် စေတနာထားဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများပြီးစီးရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး ကြုံတွေ့နေရသည့် အခက်အခဲများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာ ဝန်ကြီးချုပ်များအနေဖြင့် ကျော်လွှားနိုင်ရေး အတတ်နိုင်ဆုံးဖြေရှင်း ဆောင်ရွက်ကြရန်လိုပြီး အဆင့်ဆင့်တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိရန်လိုကြောင်း၊ တာဝန်မဲ့သည့်သူများကိုလည်း တာဝန်မပေးမိရန် အရေးကြီးကြောင်း၊ အဓိကအားဖြင့် ငွေကြေးနှင့်ပတ်သက်၍ ငွေကြေးတန်ဖိုး ခိုင်မာရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများမှရရှိသည့်ဝင်ငွေများ၊ ကုန်သွယ်မှုမှအပ ရရှိသည့် ဝင်ငွေများရှိ ကြောင်း၊ ကုန်ထုတ်လုပ်မှုမှရရှိသည့်ဝင်ငွေသည် အရေးကြီးကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အဓိကထားဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်ကုန်များပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပြီး ပြည်သူများဝင်ငွေရရှိ လာမည်ဖြစ်ကာ ငွေကြေးလည်း ပတ်မှုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်စီးဆင်းမှု ကောင်းမွန်လာပြီဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန် လာမည်ဖြစ်ကြောင်း။

**တတ်နိုင်သမျှလျှော့ချရန်လို**

နိုင်ငံခြားငွေလိုအပ်မှုလျှော့ချနိုင်ရေးအတွက် ကုန်သွယ်မှုတွင် စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များ တင်သွင်းမှုကို တတ်နိုင်သမျှလျှော့ချရန်လိုကြောင်း၊ နိုင်ငံခြားလိုငွေများ လျှော့ချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး မြင့်တက်လာမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ တိုးတက်မှုရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေ ကျဆင်းသွားပြီဖြစ်ကြောင်း၊ ကိုဗစ်

ကြောင့် တုံ့ဆိုင်းခဲ့သည့် လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက် ကြရန်လိုကြောင်း၊ အဓိကအားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပေးအပ်ထားသည့် စီမံကိန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသူများကို တာဝန်ပေးအပ်မှုမရှိရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**အချိန်နှင့်တစ်ပြေးညီစောင့်ကြပ်ကြည့်ရှုခြင်း**

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းတော့မည်ဖြစ်သည့်အတွက် ဥပဒေမပြဋ္ဌာန်းမီ ကြိုတင်စီမံဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ကြိုတင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်းတွင်လည်း အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းစဉ်များကို တစ်ပါတည်း ဆောင်ရွက်သွားရန် လိုမည်ဖြစ်ပါကြောင်း။

မေခရီစီးပွားရေးတည်ငြိမ်ရေးသည် အရေးကြီးပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် ဈေးနှုန်းတည်ငြိမ်ရေးအတွက်ကိုလည်း ထိန်းကျောင်းကြပ်မတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုကဏ္ဍများအနေဖြင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေး၊ လျှာထားချက်ပြည့်မီစေရေးတို့အတွက် ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ကြီးကြပ်ဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် စီးပွားရေးအင်အားပေါ်တွင်များစွာမူတည်နေသည့်အတွက်စီးပွားရေးကောင်းမွန်စေရေးသည် အလွန်အရေးကြီးပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးတိုးတက် မှုပုံစံဖြစ်စေရေးကို အလေးထားရမည်ဖြစ်သည့်အတွက် ခွင့်ပြုထားသည့် စီမံကိန်းအသုံးစရိတ်များကို စနစ်တကျသုံးစွဲပြီး ရသင့်ရထိုက်သည့် ရငွေများကိုပြည့်မီစွာကောက်ခံရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရငွေလျာထားချက်ပြည့်မီပြီး ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးလျော့နည်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းအသုံးစရိတ်များကို အမှန်တကယ်ကျခံသုံးစွဲရမည့် စရိတ်များဖြစ်စေရေးတို့ကို ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် မြေပြင်တွင်ရှိနေသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပြီး ကျော်လွှားနိုင်ရန်အတွက်လည်း သုံးသပ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများတွင် ငွေပေးချေရမည့်ကိစ္စရပ်များအတွက် ပြည်တွင်းသုံးကျပ်ငွေကို သုံးစွဲနိုင်ရန်နှင့် ခွင့်ပြုရန်ပုံငွေမှ အမှန်တကယ်ပေးချေရမည့် အသုံးစရိတ်များကိုသာ ပေးချေရန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**အထူးသတိပြုဆောင်ရွက်**

ပြည်ပမှ မှာယူတင်သွင်းမည့်ကိစ္စရပ်များမှာလည်း ပြည်တွင်းတွင် မရရှိမှသာဆောင်ရွက်ရန်နှင့် နိုင်ငံခြားငွေ ချွေတာသုံးစွဲရေးကိုလည်း အထူးသတိပြုဆောင်ရွက်ဖို့ မှာကြားလိုပါကြောင်း၊ အခုအတည်ပြုပြီး ဥပဒေပြဋ္ဌာန်းတော့မည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းပါလုပ်ငန်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဆောင်ရွက်သွားရန် လိုမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သည့် နေရာတွင်လည်း အဆင်ပြေချောမွေ့မှုရှိသကဲ့သို့ အခက်အခဲလည်းရှိလာမည်ဖြစ်သည့်အတွက် အခက်အခဲများကို စုပေါင်းအားနှင့် ကျော်လွှားနိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၁၇ - ၃ - ၂၀၂၂ )




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)ကို မတ်လ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့တက် ရောက်ကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**ဦးစားပေးလျာထား**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာ စကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကိုရေးဆွဲရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့ လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို အခြေခံ ပြီး မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲကြရမည် ဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အဟန့်အတား၊ အနှောင့်အယှက်များ ရှိနေသော်လည်း မိမိတို့လျာထားသည့် ရငွေများကို လျာထားချက်အတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက် ကြရန်လိုအပ်ပါကြောင်း၊ အသုံးစရိတ်များကိုလည်း နိုင်ငံ တော်၏ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုကို အလျင် အမြန် အထောက်အကူပြုမည့် အသုံးစရိတ်များကိုသာ

ဦးစားပေးလျာထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံအတွင်းတွင်ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြရသည့်သူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများက ဦးဆောင်လမ်းပြကူညီပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်တွင် လိုအပ်နေဆဲဖြစ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ လမ်း၊ တံတား၊ အဆောက်အဦ၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးစသည့် အသုံးစရိတ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း ခွဲဝေပေးသည့်ရန်ပုံငွေဖြင့် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

> **နိုင်ငံအတွင်းတွင်ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြရသည့်သူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ဦးဆောင်လမ်းပြကူညီပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်။**

**အထောက်အကူပြုနိုင်**

ယခုအချိန်သည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ဖြစ်သည့်အတွက် အစိုးရ၏အသုံးစရိတ်သုံးစွဲမှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေတိုးမြင့်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေးစသည်များကို ဦးတည်ရည်မှန်းချက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များကိုလည်း ဆက်လက်အားပေးမြှင့်တင်သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် လုံးဝချုပ်ငြိမ်းသွားခြင်း မရှိသေးသည့်အတွက် ကာကွယ်ဆေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်များကိုလည်း မဖြစ်မနေဆက်လက်သုံးစွဲသွားရမည် ဖြစ်ပါကြောင်း။

**ဦးစားပေးသုံးစွဲကြစေလို**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးအသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြစေလိုပါကြောင်း။

နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေပြညွှန်ကိန်းများအရ အရအသုံးခန့်မှန်းခြေငွေစာရင်းလိုငွေနှင့် ဂျီဒီပီ အချိုးကို ရှိသင့်သည့်ပမာဏအတိုင်းအတာအတွင်း ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ လိုငွေများကြောင့် ရယူထားရသည့် ပြည်တွင်း၊ ပြည်ပကြွေးမြီများ၏ ဝန်ထုပ်ဝန်ပိုးကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်းမှာကြားသည်။

**ဦးစားပေးစိစစ်ခွင့်ပြုခဲ့**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ရငွေပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲ စီးပွားရေးထိခိုက်မှုနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ရငွေလျော့နည်းနိုင်မည်ဖြစ်သော်လည်း အမှန်ရရှိနိုင်မည့် အခြေအနေအပေါ်မူတည်၍ လျာထားမှုအပေါ် စိစစ်ထားရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် Covid-19 Economic Relief Plan (CERP) လုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ခြင်း လုပ်ငန်းအစီအစဉ်အရ လက်ငင်းအကျိုးရှိစေမည့် လုပ်ငန်းများ၊ ဘက်စုံအကျိုးသက်ရောက်မှုများစေမည့် လုပ်ငန်းများ၊ မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

သာမန် အသုံးစရိတ်ပိုင်းတွင် ဝန်ထမ်းသစ်များ ခန့်ထားမှု၊ စက်သုံးဆီသုံးစွဲမှုများကိုလည်း ယခုဘဏ္ဍာရေးနှစ်တွင် အထူးစိစစ်ခဲ့ပါကြောင်း၊ လုပ်ငန်းလည်ပတ်မှုနှင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုစေသည့် သာမန်အသုံးစရိတ်များကို စိစစ်ခွင့်ပြုထားပါကြောင်း။

**စိစစ်လျှော့ချနိုင်ခဲ့**

ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ (၅)နှစ် စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတော်မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ဆောင်ရွက်ဆဲစီမံကိန်းများအနက် ဦးစားပေးအဆင့်လိုက်ခွဲခြားစေပြီး စိစစ်ခဲ့ပါကြောင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအတွက် ချေးငွေ၊ ထောက်ပံ့ငွေ အမှန်ရရှိသုံးစွဲနိုင်မည့် လုပ်ငန်းများကိုသာ ဦးစားပေးလျာထားခွင့်ပြုပေးခဲ့ပါကြောင်း၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသည့် အသုံးစရိတ်များကို စိစစ်လျှော့ချနိုင်ခဲ့ပါကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်နည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေကို ဗဟိုတွင် ငွေကျပ် ၁၀၀ ဘီလီယံ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအတွက် ငွေကျပ် ၁၅ ဘီလီယံ ထည့်သွင်းလျာထားပါကြောင်း၊ ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့လည်း ယခင်နှစ်နည်းတူထည့်ဝင်ရန် ငွေကျပ် ဘီလီယံ ၂၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၃၅ ဘီလီယံကို ထည့်သွင်းလျာထားခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့ငွေပေးရာတွင် နှစ်လတ်ဘဏ္ဍာရေး မူဘောင်နှင့်ဦးစွာတွက်ချက်ပြီးမှ လူမှုစီးပွားရေးအခြေအနေပြညွှန်းကိန်း (၆)ခု အသုံးပြုတွက်ချက်၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အချိုးကျမျှတမှုရှိစေရန် ခွဲဝေလျာထားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်သူကိုတိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင်ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ၂၀၂၀ - ၂၀၂၁ မီနီဘတ်ဂျက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့်

ရငွေများလျော့နည်းခဲ့ကြောင်း၊ ယင်းကိုကုစားနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ ရငွေများ တိုးတက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ ရေနှင့် လူသားအရင်းအမြစ်များရှိပြီးဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ပြည်ပဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ရရှိသည့်ထွက်ကုန်များဖြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ယခုထက်အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးများစွာ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ပြည်သူများပါသည့် စီးပွားရေးကို ပီပြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံသာယာဝပြောမည်ဖြစ်ကြောင်း။

စီမံကိန်းကြီးများနှင့် ပတ်သက်၍ မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့်၊ နိုင်ငံအတွက်အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ လတ်တလောကာလအတွင်းဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို လျှော့ချဆောင်ရွက်သွားရန်လိုကြောင်း၊ အရှုံးပေါ်လျက်ရှိနေသည့်လုပ်ငန်းများနှင့် စီမံကိန်းများကိုလည်း ပြန်လည်စိစစ်ကြပ်မတ်သွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေးအတွက်မဖြစ်မနေ ရင်းနှီးမြှုပ်နှံရမည့်လုပ်ငန်းများကို နိုင်ငံတော်မှရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် မူဝါဒချမှတ်ပေးသည့်အဖွဲ့အစည်းဖြစ်ပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ရကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များကအနီးကပ်ကြပ်မတ်အကောင်အထည်ဖော်ရခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီးထိထိမိမိဖြင့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးက ဆွေးနွေးအတည်ပြုပြီးဖြစ်သည့် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့က တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ ဆက်လက်တင်ပြပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အချိန်မီအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေချိန်တွင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အဓိကရည်မှန်းချက်ထား ဆောင်ရွက်နေသည်မှာ နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးသည် မိမိတို့၏ စီးပွားရေးဦးတည်ချက်များထဲမှ အဓိကဦးတည်ချက်တစ်ခုဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်ပစ္စည်းများကိုအထွက်နှုန်းကောင်းပြီး စံချိန်မီအရည်အသွေးရှိသည့် ဈေးကွက်

ဝင် ကုန်ပစ္စည်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေများသုံးစွဲရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် စနစ်တကျ အကျိုးရှိရှိသုံးစွဲကြရန် လိုအပ်ပါကြောင်း။

လက်ရှိအခြေအနေအရ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ပြည်ပသွင်းကုန်များ စိစစ်တင်သွင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် အရည်အသွေး ပြည့်မီသည့် ပြည်တွင်းထုတ်ကုန်များ တိုးတက် ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့အစိုးရချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ခွဲဝေချထားပေးသည့် အသုံးစရိတ်ရန်ပုံငွေများကို အကျိုးရှိစွာအသုံးချပြီးဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ရငွေများရှာဖွေကောက်ခံပေးရမည့် ဌာနများအနေဖြင့်လည်း လျာထားချက်ပါ ရငွေများကို အပြည့်အဝရရှိစေရန် အချိန်ကာလ ပိုင်းခြားသတ်မှတ်ပြီး ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ကြစေလိုပါကြောင်း၊ အခက်အခဲများ ကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီတင်ပြပြီး ဖြေရှင်းဆောင်ရွက်ကြရန်လိုပါကြောင်း။

အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန်နှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ်သုံးစွဲမှုမှန်သမျှကို စာရင်းစစ် စစ်ဆေးခံယူနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီသုံးစွဲနိုင်ရန်လည်း အထူးလိုအပ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစွမ်းရည်များနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ အားလုံး မိမိတို့ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများနှင့်အညီ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# (၇၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားဌ ပြောကြားသည့်မိန့်ခွန်း

( ၂၇ - ၃ - ၂၀၂၂ )



**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု၊ ဒို့တာဝန် အရေးသုံးပါး ကာကွယ်စောင့်ရှောက်ခဲ့မှု၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုဆိုင်ရာ သမိုင်းကြောင်းများနဲ့အတူယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ဒီကနေ့ဆိုရင် (၇၇)နှစ်တာကာလရှိလာပြီဖြစ်တယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ပြည်သူလူထုနဲ့အတူလက်တွဲပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ နယ်ချဲ့ဗြိတိသျှတို့ လက်အောက်ကနေ မြန်မာနိုင်ငံကို လွတ်လပ်ရေးရယူပေးခဲ့တယ်။

ဗြိတိသျှနယ်ချဲ့တို့ ဖန်တီးခဲ့တဲ့ သွေးခွဲမှုတွေကြောင့် ဒို့တိုင်းရင်းသားအချင်းချင်းအကြား ယုံကြည်မှု လျော့နည်းခဲ့ရမှုနဲ့အတူ နိုင်ငံရေးအယူအဆနဲ့ အယူဝါဒကွဲပြားမှုအမျိုးမျိုးတို့ကြောင့် လွတ်လပ်ရေးရပြီးမကြာမီမှာပဲ ပြည်တွင်းသောင်းကျန်းမှုစစ်မီးကြီးပေါ်ပေါက်လာခဲ့ရတယ်။ ရန်ကုန်အစိုးရလို့ လှောင်ပြောင်ခေါ်ခံခဲ့ရာကနေ ဒို့တပ်မတော်အနေနဲ့ အဆုံးအဖြတ်ပေးတဲ့တိုက်ပွဲကြီးတွေကို အသက်သွေးချွေးမြောက်မြားစွာပေးဆပ်ပြီး တိုင်းပြည်အေးချမ်းအောင်ဆောင်ရွက်ပေးခဲ့သလို ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ တရုတ်ဖြူကူမင်တန်တွေရဲ့ကျူးကျော်မှုကို မဲခေါင်စစ်ဆင်ရေးကြီးအပါအဝင် စစ်ဆင်ရေးကြီး အကြိမ်ပေါင်း ၃၀ နဲ့ စစ်ဆင်ရေးငယ်များစွာ ဆင်နွှဲပြီး နိုင်ငံတော်ကို ပြည်ပကျူးကျော်မှု အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးခဲ့ရတယ်။

ဒါ့အပြင် ဒို့နိုင်ငံအနေနဲ့ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်၊

၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှုအရေးအခင်းနဲ့ အုပ်ချုပ်ရေးယန္တရားပျက်ပြားမှုစတဲ့ နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားတဲ့အရေးကိစ္စတို့နဲ့ ကြုံတွေ့ခဲ့ရချိန်တွေမှာလည်း တပ်မတော်အနေနဲ့ မှန်ကန်တဲ့ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။

တပ်မတော်အနေနဲ့ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလတွေမှာလည်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ရန်ပြုလာခဲ့တဲ့ သောင်းကျန်းသူတွေကို ဒို့တပ်မတော်သားတွေရဲ့ အသက်သွေးချွေးများစွာ ပေးဆပ်ပြီး အောင်မြင်စွာချေမှုန်းတိုက်ခိုက်နိုင်ခဲ့တယ်။ ဒါ့ကြောင့် ဒို့တပ်မတော်အနေနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိအချိန်ထိ ခေတ်အဆက်ဆက်၊ စနစ်အမျိုးမျိုးကိုဖြတ်သန်းခဲ့ပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားကာ အောင်မြင်စွာ ကာကွယ်စောင့်ရှောက်နိုင်ခဲ့တယ်ဆိုတာကို ဂုဏ်ယူစွာပြောကြားလိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့နိုင်ငံတိုင်းမှာ နိုင်ငံရေးစနစ်တစ်ခုကနေတစ်ခုကို ညင်သာစွာအသွင်ကူးပြောင်းနိုင်ဖို့အတွက် အလွန်အရေးကြီးတယ်။ ၁၉၈၈ ခုနှစ် ဒို့တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူခဲ့ရတဲ့အချိန်မှာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့တယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဈေးကွက်စီးပွားရေးဖော်ဆောင်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တယ်။ ၂၀၁၀ ပြည့်နှစ်မှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ဆန္ဒနဲ့အညီ ကိုက်ညီတဲ့ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနိုင်ရေးကို ကမကထပြုဆောင်ရွက်ပေးခဲ့ပြီး ဒီမိုကရေစီစနစ်ကို ညင်သာ ငြိမ်းချမ်းစွာကူးပြောင်းနိုင်ရေး ဦးစီးဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါတွေဟာ ဒို့တပ်မတော်ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် ထားရှိတဲ့ စစ်မှန်ကောင်းမွန်တဲ့ စေတနာပြယုဂ်တွေဖြစ်တယ်ဆိုတာ အသိပေးလိုတယ်။

**ရဲဘော်တို့**

မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့ဟာ နိုင်ငံတစ်နိုင်ငံကို သမားရိုးကျနည်းဖြစ်တဲ့ စစ်ရေးနည်းတစ်ခုတည်းနဲ့ ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ခြင်းမျိုး မဟုတ်တော့ဘဲ သမားရိုးကျ မဟုတ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေးအစရှိတဲ့ နည်းလမ်းတွေနဲ့ပါ ကျူးကျော်လာကြတာကိုတွေ့ကြရမှာဖြစ်တယ်။ ဒါ့ကြောင့် ခေတ်သစ်စစ်ပွဲအောင်နိုင်ဖို့အတွက် သတင်းဆက်သွယ်ရေး နည်းပညာတွေ၊ အီလက်ထရောနစ်နည်းပညာတွေ၊ စက်မှုနည်းပညာတွေ အဆင့်မီသင်ကြားလေ့ကျင့်ထားရမှာဖြစ်တယ်။

နည်းပညာတွေနဲ့ လိုက်လျောညီထွေ ပြောင်းလဲနေတဲ့ စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာတွေကိုလည်း လေ့လာနေရမှာပဲဖြစ်တယ်။ ဒါကြောင့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဟာ စွမ်းရည်ပြည့်ဝတဲ့ လူသားအရင်းအမြစ်များ၊ နည်းပညာများနဲ့ပေါင်းစပ်ပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကိုတည်ဆောက်သွားရမှာဖြစ်တယ်။

တပ်မတော်သားအဆင့်အတန်းအားလုံးဟာ မိမိတို့တာဝန်ထမ်းဆောင်ရတဲ့ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်ဖို့လိုအပ်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားတွေ တိုးတက်လာစေဖို့နဲ့ အရေအတွက်ထက် အရည်အသွေးနဲ့အရည်အချင်းရှိတဲ့ တပ်မတော်သားတွေဖြစ်လာစေဖို့အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမှာဖြစ်တယ်။ စစ်ရေးစွမ်းရည်ထက်မြက်ဖို့အတွက် လေ့ကျင့်ရေးဟာ အဓိကကျတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး စစ်သည်တစ်ဦးချင်း လေ့ကျင့်ရေးနဲ့ တပ်ဖွဲ့အလိုက် လေ့ကျင့်ရေးတွေကို ဒို့တပ်မတော်ရဲ့ “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုတဲ့ လေ့ကျင့်ရေးဆောင်ပုဒ်နဲ့အညီ လေ့ကျင့်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေတဲ့ အင်အားကောင်းမွန်မှုအရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်တာကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုဟာ အလွန်အရေးကြီးတယ်။ ပြည်ပကျူးကျော်သူတွေနဲ့ ကိုယ်ကျိုးရှာနိုင်ငံရေးသမား အင်အားစုတွေဟာ ဒို့တပ်မတော်ကို ပြိုကွဲအောင်ဖြိုခွဲဖို့ ပြည်တွင်း၊ ပြည်ပမှ နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်နေကြတာဖြစ်တဲ့အတွက် ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးအမြဲရှိနေဖို့ လိုအပ်မှာဖြစ်တယ်။

ဒါကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲစေဖို့အတွက် ချမှတ်ထားတဲ့ စစ်သည်တော်ကျင့်ဝတ်

များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြပြီး တပ်မတော်သားများနဲ့ မိသားစုဝင်တွေဟာ မှန်ကန်တဲ့ အသိ၊ အမြင်၊ ယုံကြည်ချက်၊ ခံယူချက် တူညီစွာနဲ့ ရဲဘော်ရဲဘက်စိတ်ထားရှိပြီး ညီအစ်ကို မောင်နှမသဖွယ်၊ မိသားစုသဖွယ် အပြန်အလှန်လေးစားမှု၊ အလေးထားမှုတွေနဲ့ စည်းလုံးညီညွတ်စွာ နေထိုင်သွားကြဖို့ မှာကြားလိုတယ်။

ဒီလို တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာဖို့သာမက ပြည်သူလူထုနဲ့ စည်းလုံးညီညွတ်မှုခိုင်မာဖို့လည်း အရေးကြီးတယ်။ ဒို့တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တစ်ခုတည်းသောတပ်မတော်ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်တဲ့အပြင် ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုလည်း ဘက်ပေါင်းစုံက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမှာဖြစ်တယ်။

ဒို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြားခံစားနေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ ပြည်သူလူထု၊ တပ်မတော်နဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ စုပေါင်းလက်တွဲကာ ညီညီညွတ်ညွတ်နဲ့ဆောင်ရွက်ခဲ့ကြတဲ့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့တယ်။ ဒါ့ကြောင့် နောက်ဖြစ်လာနိုင်ဖွယ်ရာ ကပ်ရောဂါလှိုင်းတွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွေအပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက်ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အညီ စနစ်တကျနေထိုင်သွားလာမှုတွေကို ဒို့တပ်မတော်အနေနဲ့ ပြည်သူလူထုနဲ့အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်တယ်။

ဒို့တပ်မတော်ဟာ စနစ်တကျဖွဲ့စည်းထားပြီး အမြဲအသင့်ရှိတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ရင်လည်း လူသားချင်းစာနာထောက်ထားမှုနဲ့ ဘေးအန္တရာယ်ကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief–HADR) လုပ်ငန်းတွေကို "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ" ဆိုတဲ့အတိုင်း အမိန့်စောင့်ဖို့မလိုဘဲ အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးရမယ်။ ဒါမှသာ တပ်နဲ့ပြည်သူတစ်သားတည်းဖြစ်ပြီး တပ်ပြင်စည်းရုံးရေးဟာလည်း ခိုင်မာအားကောင်းလာမှာဖြစ်တယ်။

> **ဒို့တပ်မတော်ဟာ စနစ်တကျဖွဲ့စည်းထားပြီး အမြဲအသင့်ရှိတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ရင်လည်း လူသားချင်းစာနာထောက်ထားမှုနဲ့ ဘေးအန္တရာယ်ကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief–HADR) လုပ်ငန်းတွေကို "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ" ဆိုတဲ့အတိုင်း အမိန့်စောင့်ဖို့မလိုဘဲ အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးရမယ်။ ဒါမှသာ တပ်နဲ့ပြည်သူတစ်သားတည်းဖြစ်ပြီး တပ်ပြင်စည်းရုံးရေးဟာလည်း ခိုင်မာအားကောင်းလာမှာဖြစ်။**

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိရမယ့်သူတွေဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေကြသူတွေဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး ဒို့တပ်မတော်သားတွေဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတာဖြစ်တယ်။

ဒီလို မွန်မြတ်တဲ့ စိတ်ဓာတ်နဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ ဒို့တပ်မတော်သားများဘဝကို တန်ဖိုးထားဂုဏ်ယူပြီး စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံသွားကြရမယ်။ ဒါ့အပြင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လေးစားလိုက်နာ

မှု၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတွေနဲ့ မိမိတို့ရဲ့ဘဝကို ကြိုးစားမြှင့်တင်သွားကြရမယ်။

ဒို့တပ်မတော်သားတစ်ဦးချင်းကအစ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကာ စည်းကမ်းကောင်းတဲ့တပ်မတော်၊ စည်းကမ်းရှိတဲ့ အဖွဲ့အစည်း၊ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်တဲ့အဖွဲ့အစည်းအဖြစ် တပ်မတော်ရဲ့အစဉ်အလာကောင်းတွေကို ထိန်းသိမ်းသွားကြရမှာဖြစ်တယ်။ တပ်မတော်ကောင်းတစ်ရပ်ဖြစ်ဖို့အတွက် စစ်သားကောင်းများနဲ့ ခေါင်းဆောင်ကောင်းများကို ပေါင်းစပ်ဖွဲ့စည်းထားဖို့ လိုအပ်တယ်။ စစ်သားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် စစ်စည်းကမ်းကောင်းမွန်ဖို့လိုအပ်ပြီး စစ်စည်းကမ်းကောင်းမွန်မှသာ အမိန့်နာခံတတ်မှုလည်းရှိလာမှာဖြစ်တယ်။

ဒ့ါပြင် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေဖို့အတွက် အသိပညာ၊ အတတ်ပညာများပြည့်ဝပြီး အတွေ့အကြုံများကို အတွေးအခေါ်ကောင်းများနဲ့ ပေါင်းစပ်အသုံးချနိုင်ဖို့ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ရပ်နဲ့ ချိန်ထိုးဆောင်ရွက်သွားဖို့လိုတယ်။ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုနှစ်ခုကို ပေါင်းစပ်ကျင့်သုံး လိုက်နာတဲ့ အခြေခံစစ်သားကောင်းများနဲ့ အတွေးအခေါ်ကောင်းမွန်တဲ့ ခေါင်းဆောင်ကောင်းများ ပေါင်းစပ်တည်ဆောက်ထားတဲ့ တပ်မတော်ဟာလည်း စွမ်းရည်ထက်မြက်တဲ့တပ်မတော်ကောင်းတစ်ရပ်၊ ခိုင်မာမှုရှိတဲ့အင်အားစုတစ်ခုအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းအားပြည့် ထမ်းဆောင်နိုင်မှာ ဖြစ်ကြောင်းပြောကြားလိုတယ်။

တပ်မတော်သားတိုင်းဟာ အသက်ခန္ဓာကို ပဓာနမထားဘဲ နိုင်ငံတော်ကို ကာကွယ်ရန်ဆိုတဲ့ အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနဲ့ မိမိတို့သဘောဆန္ဒအလျောက်တပ်မတော်ထဲ ဝင်ရောက်တာဝန် ထမ်းဆောင်နေမှုအပေါ်မှာဂုဏ်ယူပြီး နိုင်ငံတော်နဲ့တပ်မတော်က အားကိုးအားထားပြုရတဲ့ စစ်သည်တော်ကောင်းတွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိလာစေဖို့အတွက် ကမ္ဘာ့နိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ အမြဲထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်နေကြရတယ်။ ဒ့ါအပြင် သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေဟာ နိုင်ငံတစ်နိုင်ငံတည်းမှာသာ တွေ့ကြုံနေရတာမဟုတ်ဘဲ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာတစ်ဝန်းမှာ နိုင်ငံဖြတ်ကျော်မှုအသွင်နဲ့ ရင်ဆိုင်နေကြရတာဖြစ်တယ်။

ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတပ်မတော်တွေနဲ့ ဆက်ဆံရေးမြှင့်တင်ပြီး ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ မျက်မှောက်ကာလမှာ ကမ္ဘာ့နိုင်ငံတွေကို အဓိက ခြိမ်းခြောက်နေတဲ့အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ဆောင်မှုတွေကို ကာကွယ်တိုက်ဖျက်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ အာဆီယံအပေါင်း နိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ ပူးပေါင်းပြီး ဒေသတွင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများမှာ တက်ကြွစွာပါဝင်လျက်ရှိတယ်။

အခုလို နိုင်ငံတကာတပ်မတော်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေမှုတွေဟာ ဒို့တပ်မတော်ရဲ့စွမ်းရည်ကို ပိုမိုတိုးတက်မြင့်မားလာစေပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ပိုမိုအထောက်အကူဖြစ်စေတဲ့အတွက် ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတပ်မတော်များနဲ့ ကောင်းမွန်ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တိုင်းရင်းသားအားလုံးရဲ့ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ မျိုးချစ်စိတ်ဓာတ်၊ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုအားတွေနဲ့ လွတ်လပ်ရေးကြိုးပမ်းရယူခဲ့ကြတယ်။ ဒါပေမယ့် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာခိုင်မာမှုနဲ့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာရှိသင့်သလောက်မရှိဘဲ ခွန်အားတွေ၊ စွမ်းအားတွေဆုံးရှုံးခဲ့ရပြီး အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအဟန့်အတားဖြစ်စေတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ ခေတ်

အဆက်ဆက်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှုအောင်မြင်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများရှိသလို မဖြစ်နိုင်တဲ့တောင်းဆိုမှုတွေကြောင့် အောင်မြင်မှုမရရှိခဲ့တဲ့ အဖွဲ့အစည်းတွေလည်းရှိတယ်။

၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် တပ်မတော်က ကမကထပြု ဆောင်ရွက်ပေးခဲ့ပြီးနောက်ပိုင်း ပါတီစုံဒီမိုကရေစီ အစိုးရများကာလမှာ ငြိမ်းချမ်းရေး ဖိတ်ခေါ် ကမ်းလှမ်းမှုတွေပြုလုပ်ခဲ့တယ်။ ကိုယ်စားလှယ်အသီးသီးဟာ အဆင့်ဆင့်ဆွေးနွေးခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့တယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့လို့ဆိုရာမှာ လွတ်လပ်ရေးမရခင်နဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ အယူဝါဒရေးရာအရ သဘောထားမတိုက်ဆိုင်တဲ့အတွက် လက်နက်ကိုင်ရတဲ့ အဖွဲ့အစည်းတွေရှိသလို ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ကိုပြောင်းလဲပြီးမှ ဒီမိုကရေစီကို မျက်ကွယ်ပြုပြီးပေါ်ပေါက်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်းရှိတယ်။ ဒါ့အပြင် ၂၀၂၀ ရွေးကောက်ပွဲပြီးမှ လက်နက်ကိုင်အကြမ်းဖက်လာတဲ့ အဖွဲ့တွေလည်းရှိလာတယ်။ လက်ရှိအချိန်မှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုများဟာ အချို့သော EAOs များထံက မြစ်ဖျားခံလာခဲ့တာတွေ့ရမှာဖြစ်တယ်။

တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အကြမ်းဖက်အဖွဲ့တွေနဲ့ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံတဲ့ အဖွဲ့တွေကလွဲရင် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ အမြဲမပြတ် တွေ့ဆုံဆွေးနွေးသွားမှာဖြစ်သလို လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားမှာဖြစ်တယ်။

လာမယ့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅)နှစ် ပြည့်မြောက်မှာဖြစ်တယ်။ အခုလို စိန်ရတုလွတ်လပ်ရေးနေ့ အကြိုကာလမှာ တိုင်းပြည်ရဲ့လွတ်လပ်ရေး အချုပ်အခြာအာဏာ... 

တည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ ၄ နှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတယ်။

ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။

ဒို့တပ်မတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက် ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး၊ အကြမ်းဖက်နှိမ်နင်းရေးတွေကို လုပ်ဆောင်နေရတာတွေရှိတယ်။ အပြစ်မဲ့ပြည်သူများနဲ့ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးဝန်ထမ်းတွေကို အကြောင်းမဲ့သတ်ဖြတ်ပြီး နိုင်ငံအတွင်း အေးချမ်းစွာနေထိုင်လိုတဲ့ပြည်သူတွေရဲ့ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ၎င်းတို့ကို ထောက်ခံပံ့ပိုးနေတဲ့ အဖွဲ့တွေကိုတော့ တွေ့ဆုံဆွေးနွေးမှာမဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ အစိုးရအဖွဲ့အစည်းတွေနဲ့ တပ်မတော်တွေဟာလည်း ဘယ်အကြမ်းဖက်အဖွဲ့အစည်းနဲ့မှ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်တာမရှိကြောင်း အသိပေးလိုတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့လည်း အကြမ်းဖက်လုပ်ရပ်တွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေကို ကူညီထောက်ပံ့ပေးတာတွေ မလုပ်ကြဖို့နဲ့ ဥပဒေဘောင်အတွင်းမှာနေထိုင်ကြဖို့ ဒီနေရာကနေ တိုက်တွန်းလိုတယ်။

ဒါ့ပြင် တစ်ဖက်သတ်တောင်းဆိုမှုတွေ မလုပ်ဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲ

ခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ကို မွေးမြူကြပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ရည်မှန်းချက်ထားကာ အမြန်ဆုံးတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့လိုကြောင်း ပြောကြားလိုတယ်။ တပ်မတော်အနေနဲ့ ဒီ့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အချက်တွေကို လက်မခံဘဲ နိုင်ငံသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက် သွားမှာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။

ခြိမ်းခြောက်အကျပ်ကိုင်မှုရှိတဲ့အခြေအနေမျိုးဟာ တရားမျှတတဲ့ ရွေးကောက်ပွဲမဖြစ်နိုင်ဘူး။ လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဟာ တည်ငြိမ်အေးချမ်းမှုရှိပြီး လက်နက်ကိုင်အနိုင်ကျင့်ခြိမ်းခြောက် ဗိုလ်ကျမှုများနဲ့ ကင်းစင်ဖို့ အရေးကြီးတယ်။

ရဲဘော်တို့

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်ခဲ့တဲ့ အလွန်ဆိုးဝါးတဲ့ မဲစာရင်းမှားယွင်းမှုတွေအပေါ် တပ်မတော်အနေနဲ့ ဖြေရှင်းပေးဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပေမယ့်လည်း ဖြေရှင်းပေးခြင်းမရှိခဲ့တဲ့အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်ရဲ့ အာဏာအရပ်ရပ်ကို မသမာတဲ့နည်းလမ်းနဲ့ အဓမ္မရယူဖို့ ကြံစည်ကြိုးပမ်းမှုတွေကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာရပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီးတော့ နိုင်ငံတော်ရဲ့တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေရတာ ရဲဘော်တို့အသိပဲဖြစ်တယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစကာလက ဆူပူဆန္ဒပြမှုတွေ၊ ကန့်ကွက်မှုတွေ၊ ထောက်ခံမှုတွေမျိုးစုံရှိခဲ့တယ်။ နောက်ပိုင်းမှာ သာမန်ဆန္ဒပြမှုအဆင့်ကတစ်ဆင့် အကြမ်းဖက်မှု၊ ဖောက်ခွဲမှု၊ လုယက်မှု၊ သတ်ဖြတ်မှုတွေအထိ ဆောင်ရွက်လာခဲ့ကြတယ်။ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအတွင်း စီးပွားရေးနဲ့ပတ်သက်ပြီး ထိခိုက်ခဲ့ရတာတွေရှိတဲ့အတွက် တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်နေရတယ်။

**ရဲဘော်တို့**

တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေတဲ့အချိန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ချမှတ်ကာ နိုင်ငံတည်ငြိမ်အေးချမ်းပြီးကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်တယ်။ ရှေ့လုပ်ငန်းစဉ်(၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် မဲစာရင်းစစ်ဆေးတာတွေ၊ မဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ကို ကိုင်ဆောင်ကာ ဆန္ဒမဲပေးနိုင်ဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စီမံချက်ထားပြီးဆောင်ရွက်တာတွေကို တစိုက်မတ်မတ် လုပ်ဆောင်နေတယ်။ မှန်ကန်တဲ့မဲစာရင်းများ ဖြစ်စေရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်နေတယ်။

ဗီဇပြောင်း ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ပတ်သက်ပြီး နောက်ထပ် ကူးစက်လှိုင်းမဖြစ်စေဖို့၊ ရောက်ရှိမလာစေဖို့အတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကိုလည်း အထူးအလေးထားဆောင်ရွက်နေတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရတဲ့ ပညာရေးနဲ့ စီးပွားရေးကဏ္ဍတွေကို ပြန်လည်ကုစားနိုင်ဖို့အတွက် ယခုလက်ရှိမှာ အခြေခံပညာကျောင်းတွေနဲ့ အဆင့်မြင့်ပညာကျောင်းတွေဖြစ်တဲ့ တက္ကသိုလ်တွေကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသားလူငယ်တွေရဲ့ ပညာသင်အရွယ်ကာလတွေကို အလဟဿကုန်ဆုံးမသွားစေဘဲ ပညာရေးအဆင့်အတန်းမြင့်မားစေဖို့ ဆောင်ရွက်ပေးလျက်ရှိတယ်။ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အားလုံးတို့ကို ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ကွာခြားမှုလျော့နည်းစေဖို့အတွက်လည်း ကဏ္ဍပေါင်းစုံမှာဖြစ်နိုင်သမျှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒ့ါကြောင့် တစ်ဖက်က နိုင်ငံတော်အနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရမှာဖြစ်သလို မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း ကိုယ်တိုင်ကြိုးစားဆောင်ရွက်ကြရမှာဖြစ်တယ်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ကောင်းမွန်စွာ စီမံခန့်ခွဲပေးကြရမယ်။

ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ အဖျက်အမှောင့်လုပ်ငန်းတွေက အဓိကအဟန့်အတားအဖြစ် ရှိနေတယ်ဆိုတာကိုလည်း သတိပြုဖို့လိုအပ်တယ်။ ဒါ့ကြောင့် တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှသာ လူမှုဘဝတိုးတက်မြင့်မားစေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွေကို အလေးထားဆောင်ရွက်နိုင်မှာဖြစ်တယ်။ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်တဲ့ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ခြင်းအပါအဝင် ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းတွေကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒို့တပ်မတော်သားတွေကလည်း ကျရာနေရာမှာပေးအပ်တဲ့ တာဝန်တွေကိုကျေပွန်အောင် ထမ်းဆောင်ရင်း အထက်ပါ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ရပ် အောင်မြင်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမှာဖြစ်တယ်ဆိုတာ ရဲဘော်တို့ကို အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ဘုရင်တွေဟာ ဒေသအလိုက် အပိုင်စား၊ နယ်စား၊ မြို့စား၊ ရွာစားတွေကို အုပ်ချုပ်ပိုင်ခွင့်တွေပေးအပ်ပြီး ဘုရင့်ထံမှာ သစ္စာခံစေခဲ့တဲ့ အုပ်ချုပ်မှုစနစ်ကျင့်သုံးခဲ့တာကို တွေ့ရှိရတယ်။ ညောင်ရမ်းခေတ် သာလွန်မင်းလက်ထက် (အေဒီ-၁၆၃၇) ကစပြီး အရပ်ရပ်အုပ်ချုပ်ရေး အမိန့်တော်ထမ်း၊ ရာထူးအလျောက် စီရင်ပိုင်ခွင့်အာဏာများ ထုတ်ပြန်တာဝန်ပေးအပ်ခဲ့တယ်။ ဘုရင်က တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး စနစ်တကျအုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးခဲ့တယ်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း ဒို့နိုင်ငံဟာ ကိုလိုနီစနစ်အောက်မှာ တောင်တန်းဒေသနဲ့ ပြည်မကို အုပ်ချုပ်ရေးနှစ်ခု ခွဲခြားအုပ်ချုပ်ခံခဲ့ရတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်မှာလည်း အစိုးရအဆက်ဆက်က ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်အပါအဝင် အုပ်ချုပ်မှုစနစ်အမျိုးမျိုးနဲ့ အုပ်ချုပ်ခဲ့ကြတာကိုတွေ့ရမှာဖြစ်တယ်။ ဒို့နိုင်ငံဟာ နေရာဒေသအလိုက် ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုစတဲ့ မတူကွဲပြားမှုများစွာနဲ့ သမိုင်းအစဉ်အဆက်မှာ အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပြီး ရေမြေပိုင်နက်နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲပြီး ခိုင်မာတဲ့သမိုင်းကြောင်းရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။

ဒီလို သမိုင်းကြောင်း အစဉ်အဆက်မှာ တိုင်းရင်းသားများနဲ့ ပေါင်းစည်းနေထိုင်လာခဲ့တဲ့ ပြည်ထောင်စုဖြစ်တဲ့ အပြင် ဒို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် “ ပြည်ထောင်စု (Union) ” ဆိုတဲ့စကားကို ရွေးချယ်ပေးခဲ့တာဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ အလေးထားအကောင်အထည်ဖော်နေတာဖြစ်တယ်။

ပြည်သူကရွေးချယ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ တည်ဆောက်သွားဖို့လိုတယ်။ ဒီမိုကရေစီဆိုတာဟာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာ လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခွဲဝေခံစားစေတာဖြစ်တယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲအယူအဆအမျိုးမျိုးကွဲပြားနေပါစေ ဒို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ပြီး တည်ဆောက်သွားကြရမယ်။

ဒါ့ကြောင့်လည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီအခြေခံကောင်းများ ရရှိအောင်ဆောင်ရွက်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့နဲ့ တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်တဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်နေတယ်။

ဒီလိုဆောင်ရွက်နေတာဟာ တပ်မတော်အနေနဲ့ နိုင်ငံရေးလုပ်နေတာမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်တဲ့ တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို ပုံဖော်နေတာဖြစ်တဲ့အတွက် တိုင်းရင်းသားပြည်သူအားလုံးနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားနိုင်ငံရေးတာဝန်တွေကို သစ္စာရှိရှိ ကျေပွန်စွာထမ်းဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့ နိဂုံးချုပ်အနေနဲ့**

(၇၇) နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ ဖြစ်တဲ့-

- ❑ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက် လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံ သော ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။
- ❑ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ် အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာ အခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင် ရွက်ရေး။
- ❑ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
- ❑ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက် ပေးရေး။
- ❑ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဆိုတဲ့ ဦးတည်ချက်များနဲ့အညီ ဆက်လက်ထမ်း ဆောင်သွားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ် လိုက်တယ်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၃ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၂)ကို မတ်လ ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၌ ကိုဗစ် –၁၉ ရောဂါ ပထမလှိုင်းမှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်အထိ ဖြစ်ပွားခဲ့ကြောင်း၊ ပထမလှိုင်းအတွင်း အများဆုံးတွေ့ရှိမှုမှာ ၂၃ ဦးဖြစ်ကြောင်း၊ ပိုးအများဆုံးတွေ့ရှိမှုရာခိုင်နှုန်းအနေဖြင့် ဧပြီ ၂ ရက်တွင် ၆၂ ဦးကို စစ်ဆေးစဉ် ၄ ဦးတွေ့ရှိခဲ့ပြီး

၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ဒုတိယလှိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ ရက်မှ စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေ ၂၆ ရက်အထိဖြစ်ပွားခဲ့ကြောင်း၊ ပိုးတွေ့မှုအများဆုံး အနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် ၂၁၅၈ ဦးတွေ့ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် အောက်တိုဘာ ၁ ရက်တွင် ပိုးတွေ့သူ ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ တတိယလှိုင်းဖြစ်ပွားမှုအနေဖြင့် ၂၀၂၁ ခုနှစ် မေ ၂၇ ရက်မှ စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိဖြစ်ကြောင်း၊ ပိုးတွေ့မှုအများဆုံးအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ၇၀၈၃ ဦးတွေ့ရှိခဲ့ပြီး ပိုးတွေ့မှုရာခိုင်နှုန်း အများဆုံးအနေဖြင့် ဇူလိုင်လ ၂၃ ရက်တွင် ၄၀ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ခဲ့ပြီး မိမိတို့နိုင်ငံအတွက် အကျပ်တည်းဆုံးကာလတစ်ခု ဖြစ်ခဲ့ကြောင်း၊ စတုတ္ထလှိုင်း ဖြစ်ပွားမှုအနေ ဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ စတင်ခဲ့ပြီး ယနေ့ကာလအထိဖြစ်ကြောင်း၊ ပိုးတွေ့မှုအများဆုံး အနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ၃၅၆၃ ဦးတွေ့ရှိခဲ့ပြီး ပိုးတွေ့မှုရာခိုင်နှုန်း အများဆုံးအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်း တွေ့ရှိခဲ့ကြောင်း၊ ယခုမတ် ၁၀ ရက်နောက်ပိုင်းတွင် ကူးစက်မှုဦးရေ ၁၀၀ အောက်သို့ ကျဆင်းလာပြီး စတင်ကျဆင်း ချိန်တွင် ပိုးတွေ့ရှိမှုရာခိုင်နှုန်း ၄ ဒသမ ၇၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ မတ် ၁၅ ရက်တွင် ပိုးတွေ့ရှိသူ ၆၈၃ ဦးသာရှိပြီး ပိုးတွေ့ရာခိုင်နှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းအထိကျဆင်းလာခဲ့ကြောင်း၊ မတ် ၂၀ ရက်နောက်ပိုင်းတွင် ပိုးတွေ့ရာခိုင်နှုန်း နှစ်ရာခိုင်နှုန်း အောက်သို့ကျဆင်းလာခဲ့ပြီး မတ် ၂၆ ရက်အထိဖြစ်ကြောင်း၊ မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ၁ ရာခိုင်နှုန်းကျော်ခန့်သာရှိသည်ကိုတွေ့ရှိရကြောင်း။

မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ၂၀၂၁ ခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ၅၀ ရာခိုင်နှုန်းထိုးနှံပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၅၁ ရာခိုင်နှုန်းကျော်ထိုးနှံပြီးစီးခဲ့ကြောင်း၊ ယခုအခါတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၇၀ ရာခိုင်နှုန်းကျော်ထိုးနှံပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကာကွယ်ဆေးထိုးနှံရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် တာဝန်ခံများအနေဖြင့် ကာကွယ်ဆေးများ အပြည့်အဝထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့အနေဖြင့် ဧပြီလကုန်အတွင်း တစ်နိုင်ငံလုံးကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးမှု ရာနှုန်းပြည့်ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးများလည်း အလုံအလောက်ရရှိပြီးဖြစ်ကြောင်း။

**၇၈ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်ခဲ့**

ပညာရေးကိစ္စများနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတို့နိုင်ငံတော်တာဝန်အား စတင်ထမ်းဆောင်ချိန်၌ စာသင်ကျောင်းများကို ကိုဗစ်–၁၉ ရောဂါကူးစက်မှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် ဖွင့်လှစ်နိုင်မှုမရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင်လည်း စာသင်ကျောင်းများကို ၃ နှစ်ခန့်ပိတ်ထားခဲ့ရမှုကြောင့် ကျောင်းသား၊ ကျောင်းသူများ အသက်အရွယ်ကြီးရင့်ခြင်းများ ဖြစ်ပေါ်ခဲ့သကဲ့သို့ မိဘများအနေဖြင့် ငွေကုန်ကြေးကျ ပိုမိုများပြားမှုဖြစ်ပေါ်ခဲ့ပြီး ပညာရေးတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ခဲ့သူများရှိကာ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် များစွာထိခိုက်နစ်နာခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ်လ ၈ ရက်တွင် ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ပြန်လည်ပိတ်ထားခဲ့ရကာ နိုဝင်ဘာလ ၁ ရက်နေ့တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ငါးသန်းသုံးသိန်းကျော် ကျောင်းအပ်နှံခဲ့ပြီး လေးသန်း တစ်သိန်းခြောက်သောင်းကျော် တက်ရောက်ပညာသင်ကြားခဲ့သဖြင့် ၇၈ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်ခဲ့ကြောင်း။

နိုင်ငံတိုးတက်ရေးအတွက် ပညာရေးသည်အရေးကြီးသဖြင့် ပညာရေးကို ပထမဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားမှုကာလအတွင်း မိမိတို့၏ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတွင်လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်း

များရှိသကဲ့သို့ ခရီးသွားလာခွင့်များ ပြန်လည်ခွင့်ပြုပေးခြင်းများရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စာသင်ကျောင်းများကို နိုဝင်ဘာလတွင်စတင်ဖွင့်လှစ်ခဲ့ပြီး မတ်လကုန်အတွင်း စာမေးပွဲဖြေဆိုရန်အတွက် စီမံဆောင်ရွက်ခဲ့ကြောင်း။

**ပညာရေး တော်တော်အားနည်းနေ**

ယင်းနောက် ပညာရေးမူဝါဒနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကျွန်တော်တို့ တိုင်းပြည်မှာ ပညာရေးတော်တော်အားနည်းနေတာရှိတယ်။ ပြီးခဲ့တဲ့ ပညာသင်နှစ်မှာ ကျောင်းသားအားလုံး ကိုးသန်းကျော်မှာ ငါးသန်းကျော်ပဲလာပြီး စာရင်းပေးတယ်။ ၆၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ လေးသန်းလောက်က ကျောင်းလာမတက်ဘူး၊ ငါးသန်းကျော်လောက်မှာလည်း ၂၀ ရာခိုင်နှုန်း နီးပါးလောက်က ကျောင်းမတက်ဘူး။ ၈၀ ရာခိုင်နှုန်း လောက်ပဲကျောင်းလာတက်တယ်။အဲ့ဒီတော့ပညာရေးက ကျွန်တော်တို့အတွက် တော်တော်အန္တရာယ်ကြီးမားတာကို သွားတွေ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အရ ၂၅ နှစ်အထက် လူဦးရေရဲ့ ၂၅ ဒသမ ၁၆၉ သန်းမှာ အလယ်တန်းထိပဲရှိတဲ့လူက ၁၈ ဒသမ ၂၆၃ သန်းရှိပါတယ်။ ၆၀ ရာခိုင်နှုန်းလောက်ဖြစ်နေတယ်။ အလယ်တန်းအဆင့်ပဲရှိတာ။ တက္ကသိုလ်ဘွဲ့ရက နှစ်သန်းကျော်ပဲရှိတယ်။ အခြားက ဘွဲ့၊ ဒီပလိုမာရတဲ့သူက ငါးသိန်းကျော်ရှိတယ်။ THS နဲ့ TVED အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်ပြီး ပြီးတဲ့လူက ကိုးသောင်း၊ တစ်သိန်းနီးပါးလောက်ရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေပါ။ အဲ့ဒီလူတွေတော်တော်များများကလည်း ပြည်နယ်တွေမှာနေသူတွေဖြစ်တာ ပိုများတာကိုတွေ့ရပါတယ်။ မြို့ပေါ်လူတွေ ပညာတတ်ရာခိုင်နှုန်းက ၇၈/၈၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ကျေးလက်က ၂၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံ ပညာရေးနဲ့ ပတ်သက်ရင် မပြင်လို့မရဘူး၊ အားမပေးလို့ မရဘူး။ ဒါက ကျွန်တော်တို့ သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်မှုရမယ်။ အနာဂတ်နိုင်ငံတော်မှာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေ ပေါကြွယ်ဝမှသာ ဒီမိုကရေစီ ဆိုတာလည်း အဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။ ဒါကြောင့် ပညာရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော၊ တိုင်းပြည်အတွက် အဓိကကျတာကို တွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုတာကို သွားတွေ့ပါတယ်။ ဒါ့ကြောင့်ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာလည်း အကြမ်းဖျင်းအားဖြင့် ကျွန်တော်ပြောခဲ့ပါတယ်။ KG+9 ပညာရေးစနစ်က(၅-၄-၃) မူလတန်းက ၅ နှစ်၊ အလယ်တန်းက ၄ နှစ်၊ အထက်တန်းက ၃ နှစ် ၁၂နှစ်နဲ့ သွားတာ။ ကျွန်တော်တို့က Vocational Training ကို သွားမယ်ဆိုရင် အနည်းဆုံး အလယ်တန်းအောင်ပြီးမှ သွားလို့ရမယ်ဆိုပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆွေးနွေးတဲ့အခါမှာတွေ့ပါတယ်။ THS ပဲသွားမလား၊ ဒါမှမဟုတ်လို့ရှိရင် Vocational ပဲသွားမလား၊ စိုက်ပျိုးရေးပဲသွားမလား၊ သွားမယ်ဆိုရင် အနည်းဆုံးတော့ အလယ်တန်း အဆင့်ပြီးမှ နည်းပညာအဆင့်ကိုသွားလို့ရတယ်ဆိုတာဖြစ်တယ်။ ဒါကြောင့်မြန်မာနိုင်ငံမှာ အခြေခံအားဖြင့် နိုင်ငံသားအားလုံးသည် အလယ်တန်းအဆင့်ပြီးပြီးသား ဖြစ်ဖို့တော့လိုတယ်လို့ ယူဆရပါတယ်။ ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ပြီး KG+9 ကို ပညာရေးအတွက် ကျွန်တော်တို့အစိုးရတာဝန်ယူတဲ့ အချိန်မှာဆောင်ရွက်ခဲ့တာရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အထူးသဖြင့် ပြည်နယ်ကတော့ ဦးစားပေးတစ်ဖြစ်ပါတယ်။ တိုင်းဒေသကြီးတွေကတော့ အစွန်အဖျားကျတဲ့ ကျေးလက်ဒေသတွေ ဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့က မဖြစ်မနေပညာရေးမြှင့်တင်မှုတွေကို လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကို ဒီနှစ်မှာလည်း ငွေကုန်ကြေးကျခံပြီးလုပ်ပေးဖို့ ဆောင်ရွက် နေတာရှိပါတယ်။ တစ်ဖက်ကလည်း ငွေကုန်ကြေးကျ လုပ်ပေးနေသလို တစ်ဖက်ကပညာရေးကို တာဝန်ထမ်းဆောင်နေသူတွေက လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် လုပ်ဖို့လိုတယ်။ ဆရာ/ဆရာမတွေသင်နိုင်ဖို့၊ ကြားနိုင်ဖို့ လုပ်ဖို့လိုတယ်။ နံပါတ်(၁)အချက်က သူတို့အတွက် အာမခံချက်ရှိဖို့။ ဒီလိုသွားရမှာဖြစ်တယ်။ ဒါကြောင့် ပညာရေးမှာလည်း ကျွန်တော် အဆင့်ဆင့်ပြုပြင်ပြောင်းလဲမှုတွေ အခွင့်အရေးတစ်ခု ကျွန်တော်ဆောင်ရွက်ပေးနေပါတယ်။ သူတို့ကို ကျွန်တော်တို့လိုအပ်တဲ့ Facilities ပေးဖို့လိုမယ်လို့ ကျွန်တော်ယူဆပါတယ်။

ဒါလည်းကောင်စီဝင်များ တိုင်ပင်ဆွေးနွေးပေးစေလိုပါတယ်။ ဘယ်လိုပေးသင့်တယ်။ ဘယ်လိုပေးရင်သင့်တော်မလဲဆိုတာကို မူဝါဒချမှတ်ဖို့ ဒါကတော့ ပညာရေးအပိုင်း တာဝန်ယူတဲ့ ပုဂ္ဂိုလ်တွေ ကျောင်းသားများနဲ့ပတ်သက်ရင် ကျွန်တော် က KG+9 ကို အဓိကထားပြီးဆောင်ရွက်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကောင်စီဝင်များလည်း ဘယ်လိုသဘောထားရှိလဲ သိချင်ပါတယ်။" ဟုပြောကြားသည်။

**ဆောင်ရွက်ပေးခြင်းဖြစ်**

ထို့နောက် အဆင့်မြင့်ပညာသင်ကြားမှုနှင့်ပတ်သက်၍ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားရာတွင် Day သင်တန်းနှင့် အဝေးသင်သင်တန်းဟူ၍ နှစ်မျိုးရှိကြောင်း၊ တက္ကသိုလ်ပညာရပ်သည် အတန်းပညာတစ်ခုတည်းကိုသာမက လူမှုဆက်ဆံရေးအတွက်ပါ အတွေ့အကြုံရရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ဘဝရပ်တည်မှုတွင် အသုံးချနိုင်ရန်အတွက် သင်ကြားလေ့ကျင့်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီအတွက် အထောက်အကူပြုစေရန် စီးပွားရေးပညာရပ်များနှင့် ဥပဒေပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းသည် စီးပွားရေးအမြင်ရှိရန်နှင့် ဥပဒေအမြင်ရှိရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆေးတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များတွင် သင်ကြားပေးခဲ့မှုနှင့် ပတ်သက်၍လည်း ဆေးတက္ကသိုလ်အသီးသီးသို့တက်ရောက်ခဲ့သူများသည် မိမိတို့နိုင်ငံရှိဆေးရုံများအတွက် လိုအပ်သည့် ပမာဏထက်များပြားလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ သို့သော် အဆိုပါကျန်းမာရေးဝန်ထမ်းအများစုသည် ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လာမည့်ပညာသင်နှစ်များတွင် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့တွင် သင်ကြားသူများကို နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မည်ဆိုပါက အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးမည်ဖြစ်ပြီး နိုင်ငံတော်တာဝန်အား ထမ်းဆောင်လိုမှုမရှိသူများအနေဖြင့် ထိုက်သင့်သည့် အခကြေးငွေများ ပေးသွင်းရသည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်များတွင် ဆေးပညာဆိုင်ရာတက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားမည့်သူများကို သက်ဆိုင်ရာဘာသာရပ်များအလိုက် ထူးချွန်သူများကိုသာ ဦးစားပေးရွေးချယ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးမူဝါဒနှင့်ပတ်သက်၍ ကောင်စီဝင်များအနေဖြင့် ထည့်သွင်းစဉ်းစားအကြံပြုကြစေလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

**ပြန်လည်ခွင့်ပြုပေးသွားရန် စီစဉ်ထား**

ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်လုပ်ငန်းများဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြည်ပခရီးသွားလာမှုနှင့် ပြည်ပကုန်သွယ်မှုများနှင့်ပတ်သက်၍ ယခုကာလတွင် အရှေ့တောင်အာရှနိုင်ငံအချို့နှင့်ကမ္ဘာ့နိုင်ငံအသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားချိန်၌ ပြည်ပခရီးသွားလာမှုနှင့် ပြည်ပကုန်သွယ်မှုများကို ခွင့်ပြုခြင်းမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်ရောဂါတွေ့ရှိမှု မြင့်တက်ခဲ့ချိန်များ၌ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် နယ်စပ်ဒေသများတွင် ပြည်ပမှဝင်ရောက်လာသူများမှတွေ့ရှိမှု အများဆုံးဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်း၌ ကူးစက်မှုနှုန်းလျော့နည်းစေရန်အတွက် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း ပြည်တွင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးကိုထိခိုက်မှုမရှိစေရန်အတွက် ပြည်ပမှဝင်ရောက်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုကာလတွင် အခြေခံပညာကျောင်းများရှိ အချို့အတန်းများသည် စာမေးပွဲဖြေဆိုပြီးဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲသည်လည်း ဧပြီလပထမအပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဧပြီလအတွင်း ခရီးသွားလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ခွင့်ပြုပေးနိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်မှစတင်၍ ပြည်တွင်းပြည်ပ ခရီးသွားလာမှုများကို ပြန်လည်ခွင့်ပြုပေးသွားရန်စီစဉ်ထားကြောင်း၊ ထိုသို့ခရီးသွားလာမှုများ

ဆောင် ရွက်ရာတွင်လည်း သတ်မှတ်စည်းကမ်းချက်များ အတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကို ပြီးခဲ့သည့်နှစ်မေ ၅ ရက်မှစတင်၍ နောက်ဆုံးနှစ် မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း၊ အလားတူ အဆင့်မြင့် တန်းများနှင့် အဝေးသင်သင်တန်းများကိုလည်း ဖွင့်လှစ် ခဲ့ကြောင်း၊ မေလလယ်မှစ၍ကျန်ရှိသည့် အတန်းများ အားလုံးပုံမှန်အတိုင်းပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် စာသင်ကျောင်းများကို အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ၏ အောင်မြင်သည့် လုပ်ဆောင်မှုတစ်ခုပင် ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန် ရှိသူများအနေဖြင့်လည်း အခက်အခဲများကြားမှ ကြံ့ကြံ့ခံ ဆောင်ရွက်ခဲ့သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိ ပါကြောင်း။

**နိုင်ငံတော်မှပေးအပ်ခဲ့ခြင်းဖြစ်**

စွမ်းရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်မှုနှင့် ပတ်သက်၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းကျရောက် မည့် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အတွက် နိုင်ငံရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ နည်းပညာ အရ၊ အနုပညာအရ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ သည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ စီမံဆောင်ရွက်ခဲ့ ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စွမ်းရည်ဘွဲ့တံဆိပ်များ ပေးအပ်ခြင်းသည် အစိုးရအနေဖြင့်ပေးအပ်ခြင်းမဟုတ် ဘဲ ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ နိုင်ငံတော်မှ ပေးအပ် ခဲ့ခြင်းဖြစ်ကြောင်း၊ အများစုမှာ ဝမ်းသာအားရဖြစ်ကြ သော်လည်း ဝေဖန်မှုတချို့လည်းရှိကြောင်း၊ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ အခမ်းအနားဖြင့် အားလုံးကို ပေးအပ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

> ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အတွက် နိုင်ငံရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ နည်းပညာအရ၊ အနုပညာအရ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်၊ ယခုကဲ့သို့ စွမ်းရည်ဘွဲ့တံဆိပ်များပေးအပ်ခြင်းသည် အစိုးရအနေဖြင့်ပေးအပ်ခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ နိုင်ငံတော်မှ ပေးအပ်ခဲ့ခြင်းဖြစ်။

**စွမ်းအင်မူဝါဒ**

စွမ်းအင်မူဝါဒနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် Power ပိုင်းနှင့် Energy ပိုင်း နှစ်မျိုးရှိကြောင်း၊ လျှပ်စစ် ပိုင်းတွင်ရေအားလျှပ်စစ်ကို အဓိကအသုံးပြုပြီး ဓာတ်ငွေ့ အသုံးပြုမှု၊ ကျောက်မီးသွေးအသုံးပြုမှုနှင့် ဆိုလာစွမ်းအင် အသုံးပြုမှုများရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်း အမြစ်များ၊ မြေပေါ်၊ မြေအောက်သယံဇာတများစွာရှိပြီး သဘာဝအရင်းအမြစ်တွင် လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှု ကို အထောက်အကူပေးသည့် ရေအားလျှပ်စစ်ထုတ်လုပ် ခြင်း၊ လေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ နေရောင်ခြည် စွမ်းအင်သုံးထုတ်လုပ်ခြင်းနှင့် ဒီရေအတက်အကျကို အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းများရှိကြောင်း၊ Energy ပိုင်းတွင် စက်ရုံအလုပ်ရုံများ၌ ဒီဇယ်အသုံးပြု၍ မောင်း နှင်ခြင်း၊ အချို့လိုအပ်သည့်နေရာများတွင် ဂတ်စ်နှင့် ကျောက်မီးသွေးများအသုံးပြုရခြင်းများရှိကြောင်း၊ မိမိ တို့နိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ရေအရင်း အမြစ် များစွာရှိသဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး အကျိုး ရှိစွာ အသုံးချရန်လိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ ရာသီဥတုအရ နေရောင်ခြည်ရရှိသည့်ရက် များပြားသည့် ဒေသများပြားခြင်းကြောင့် နေရောင်ခြည်စွမ်းအင်ကို အသုံးချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေ ရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ် ခြင်းများကိုဆောင်ရွက်၍ရကြောင်း၊ အလားတူတနင်္သာရီ

တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် လေတိုက်ခတ်သည့်ဒေသများဖြစ်သဖြင့် လေအားအသုံးပြုလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း Win Power ကိုအသုံးပြု၍ရကြောင်း၊ လေအားသည် နေ့ရော ညပါ အသုံးပြု၍ရပြီး ရာသီမရွေး အသုံးပြု၍ရကြောင်း၊ မိမိတို့နိုင်ငံ၏စွမ်းအင်မူဝါဒတွင် ထည့်သွင်းစဉ်းစားသင့်သည့် နည်းပညာတစ်ခုဖြစ်ကြောင်း၊ အလားတူ ဒီရေအတက်အကျကို အသုံးပြု၍လည်း လျှပ်စစ်ဓာတ်အားထုတ်ယူ၍ ရသည့်နည်းပညာရှိသဖြင့် မိမိတို့အနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများဖြစ်ပေါ်လျက်ရှိပြီး Clean Area များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည့်ဖြိုးမြဲ စွမ်းအင်များကို အသုံးချနိုင်မည်ဆိုပါက အဆိုပါ ပြဿနာများကို ကျော်လွှားမည်ဖြစ်သကဲ့သို့ ပြည်ပမှစက်သုံးဆီများတင်သွင်းမှုကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ Public Transportations ဖြစ်သည့် မီးရထားလမ်းများသည် ဒီဇယ်စွမ်းအင်သုံးမီးရထားစက်ခေါင်းများကိုအသုံးပြုလျက်ရှိပြီး အဆိုပါမီးရထားလမ်းများတွင် လျှပ်စစ်ရထားများဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက စက်သုံးဆီများစွာ ချွေတာနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ယာဉ်တစ်သန်းကျော်နှင့် မော်တော် ဆိုင်ကယ် ၆ သန်းကျော်ရှိကြောင်း၊ လောင်စာဆီများ ပြည်ပမှတင်သွင်းရာတွင် ပို့ဆောင်ရေးကဏ္ဍ၌ ၇၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၆ ရာခိုင်နှုန်း၊ လျှပ်စစ်ထုတ်လုပ်ရေးတွင် ၁ ရာခိုင်နှုန်းအသုံးပြုသည်ဟု သိရှိရကြောင်း၊ လျှပ်စစ်မော်တော်ကားများကို အစားထိုးအသုံးပြုနိုင်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား မရရှိသည့်နေရာများ၊ တောတောင်ထူထပ်သည့်နေရာများနှင့် ဝန်အားဖြင့် အသုံးပြုရသည့် နေရာများတွင် အခက်အခဲများရှိနိုင်ကြောင်း၊ Public Transportations ကိစ္စရပ်များတွင်လျှပ်စစ်ကို အသုံးပြုနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

မဟာသင်္ကြန်ကိစ္စနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် ယခင်နှစ်က အကန့်အသတ်ဖြင့်သာခွင့်ပြုခဲ့ရကြောင်း၊ လက်ရှိအခြေအနေအရ မဟာသင်္ကြန်ကျင်းပနိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ခွင့်ပြုပေးသွားရန် စီမံထားကြောင်း၊ သင်္ကြန်ကာလအတွင်း လုံခြုံရေးစနစ်တကျဆောင်ရွက်၍ ပြည်သူများ လွတ်လွတ်လပ်လပ် ပျော်ရွှင်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ မဟာသင်္ကြန်ကျင်းပမှုနှင့်ပတ်သက်၍ ကောင်စီဝင်များအနေဖြင့်လည်း အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ မဟာသင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများသည် မြန်မာတို့၏ အလေးအမြတ်ထားသည့် ကာလများဖြစ်ကြကြောင်း၊ အဆိုပါကာလများတွင် ပြည်သူများ လွတ်လပ်အေးချမ်းစွာဖြင့် ဖြတ်သန်းနိုင်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တို့က NGO, INGO, CSO အသင်းအဖွဲ့များနှင့်စပ်လျဉ်း၍ စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကိုလိုအပ်ပါက ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲရေး၊ နိုင်ငံတော်အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုရာတွင် ပေးသင့်ပေးထိုက်သူများမကျန်ရှိစေရန် စိစစ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ အစီအမံကောင်းများကြိုတင်ပြင်ဆင်ရေးဆွဲရေး၊ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်အောင် ဖျက်ဆီးနှောက်ယှက်နေသူများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင် ရွက်ရေး၊

နိုင်ငံတော် အကျိုးစီးပွားအတွက် ကုန်းတွင်းပိုင်းဒေသများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပြန်လည်အကောင် အထည်ဖော်ဆောင်ရွက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံများနှင့် အလုပ် ရုံဆွေးနွေးပွဲများကျင်းပပေးရေး၊ ဆေးရုံဆေးခန်းများတွင် အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော သတင်းအမှား၊သတင်းအမှန်များကိုပြည်သူများနှင့် ကျောင်းသားလူငယ်များ ခွဲခြားသိရှိနိုင်ရေး ပညာပေးဟောပြောပွဲများဆောင်ရွက်ရေး၊ ချင်းပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် “၁”ဥစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်မှကူညီဆောင်ရွက်ပေးရေး၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးကူညီထောက်ပံ့နေသူများကို ထိရောက်စွာအရေးယူဆောင်ရွက်ရေး၊ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ရေး၊ နိုင်ငံခြားသား များအမြဲနေထိုင်ခွင့် (PR) လျှောက်ထားသူများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုရေး၊ ပညာရေးမူဝါဒများချမှတ်ရာတွင် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ် များဖြင့် အဖွဲ့ဖွဲ့စည်းပြီး အားလုံးပါဝင်သည့် ညီလာခံတစ်ရပ်ကျင်းပရေး၊ ၂၀၂၂ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များ၊ လုံခြုံရေးဆိုင်ရာအစီအမံများဖြင့် ကျင်းပသွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့် (PR) လျှောက်ထားသူများအား စနစ်တကျစိစစ်ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် NGO, INGO စသည့် အသင်းအဖွဲ့များနှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် စနစ်တကျ သေချာစိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပတ်သက်၍ စနစ်ပြောင်းချိန်တွင် ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်လုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံနေရသူများအား ပြစ်ဒဏ် လျှော့ပေါ့ပေးသွားမည်မဟုတ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးကိုရှေးရှု၍ ချိန်ဆဆောင်ရွက်လျက်ရှိကြောင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ရေးနှင့် စိုက်ပျိုးရေးကောင်းမွန်စေရန်အတွက် ဇီဝဒါအပါအဝင် BIO Fertilizer ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေးအတွက် စက်ရုံများလည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့ကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်းတွင်းစွမ်းအင်ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေအောက်အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် စနစ်တကျ လေ့လာသုံးသပ်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် မူအရပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုသာ ဦးစားပေးသုံးစွဲသွားမည်ဖြစ်ပြီး ကျောက်မီးသွေးကို မဖြစ်မနေလိုအပ်သည့် အပူစွမ်းအင်ထုတ်လုပ်ရေးအတွက်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

**ကျင်းပပေးနိုင်မည်**

မိမိတို့၏ နိုင်ငံတော်တည်ဆောက်ရေးရည်မှန်းချက်မှာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို နှိမ်နင်းနိုင်မှသာ လွတ်

လပ်၍တရားမျှတပြီး ခြိမ်းခြောက်အကျပ်ကိုင်မှုကင်း ရှင်းသော ရွေးကောက်ပွဲကိုကျင်းပပေးနိုင်မည်ဖြစ် သည့်အတွက် အကြမ်းဖက်အဖွဲ့များ ပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးတွင် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး အတွက် သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းဆေးညီလာခံကျင်းပနိုင်ရေး စီမံဆောင်ရွက် လျက်ရှိကြောင်း၊ လုံခြုံရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အတွက် အိမ်ရာများပြည့်စုံရေး စီမံဆောင်ရွက်ပေးလျက် ရှိပြီး ဆေးရုံတိုင်းတွင် ဆရာဝန်နှင့် သူနာပြုအဆောင်များ ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၃၀ - ၃ - ၂၀၂၂ )



ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၂) ကို မတ်လ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၏ တင်ပြချက်

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က နိုင်ငံတော်၏စိုက်ပျိုးမြေများအသုံးချမှု၊ အဓိက သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့်ထွက်ရှိမှု၊ အထွက်နှုန်းတိုးတက်ရေးအတွက် စိုက်နည်းစနစ်ပြုပြင်ပြောင်းလဲရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးရေပေးဝေနိုင်မှု၊ ပြည်တွင်းဆီစားသုံးမှု၊ ပြည်တွင်း စားသုံးဆီဖူလုံရေးတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေး အထူးဇုန်များ ဖော်ထုတ်

ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး၏ တင်ပြချက်**

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုနှင့်သုံးစွဲမှု၊ ၂၀၂၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီစဉ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ အပူစွမ်းအင်သုံးနှင့် ဆိုလာလျှပ်စစ် ထုတ်လုပ်ရေး စီမံကိန်းများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးစီစဉ်ဆောင်ရွက်နေမှု၊ နယ်စပ်ဖြတ်ကျော် Interconnection စီမံကိန်းများ ဆောင်ရွက်နေမှုနှင့် လက်ရှိတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၏ တင်ပြချက်**

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်ပမှ စက်သုံးဆီတင်သွင်းမှုနှင့် ဈေးနှုန်းမှန်ကန်

> **အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်ကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လို၊ မိမိတို့၏ လုပ်ပိုင်ခွင့်ကိုအသုံးချ၍ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး လုပ်ပိုင်ခွင့်ကိုအသုံးချ၍ အမြတ်ထုတ် ဆောင်ရွက်ခြင်းများမဖြစ်ရန်လို၊ တိုင်းပြည်ကောင်းစားရေးအတွက်ကိုသာ ရှေးရှုဆောင်ရွက်ကြစေလိုပြီး နိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်။**

တည်ငြိမ်ရေးဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် စက်သုံးဆီသုံးစွဲနေမှု၊ ပြည်တွင်းထုတ်လုပ်နိုင်မှု၊ ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ရေးအတွက် အလှည့်ကျစနစ်ဖြင့် ရောင်းချပေးနေမှု၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးဆောင်ရွက်နေမှု၊ စားအုန်းဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကျန်းမာရေးဝန်ကြီး၏ တင်ပြချက်**

ဆက်လက်၍ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးရရှိမှုနှင့် ထိုးနှံပေးနိုင်မှု၊ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းတို့တွင် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လက်ရှိ အချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ၂၀၂၂-၂၀၂၃ ခုနှစ် ကျောင်းဖွင့်ရာသီတွင် ၁၂ နှစ်အောက် ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ နိုင်ငံတော်၏ လူမှုစီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စားသုံးဆီနှင့် စက်သုံးဆီဖူလုံရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စားသုံးဆီနှင့်စက်သုံးဆီဖူလုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆီနှစ်ဆီဖူလုံရေးအတွက် ယခင်ကတည်းက ပြောကြားခဲ့ကြောင်း၊ စားဆီနှင့်ပတ်သက်၍ တစ်ဦးချင်းဆီစားသုံးမှုနှုန်းလျှော့ချရေး ဦးတည်ပြောကြားခဲ့ကြောင်း၊ ကျန်းမာရေးအတွက် တစ်ရက်လျှင် လူတစ်ဦးချင်းဆီ စားသုံးရန် လိုအပ်မှုမှာ ၂ ဒသမ ၂၅ ကျပ်သားအထိသာ ဖြစ်ကြောင်း၊ ယင်းနှုန်းဖြင့် တစ်နိုင်ငံလုံးအတွက်ဆီ လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ခဲ့ရာ မိမိတို့နိုင်ငံ၏ဆီထွက်ရှိမှုနှင့် လုံလောက်မှုမရှိကြောင်း၊ မိမိတို့နိုင်ငံရှိ တစ်ဦးချင်း ဆီစားသုံးမှုသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ဆီစားသုံးမှုကိုလျှော့ချရန်

လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း စားသုံးဆီထုတ်လုပ်မှု တိုးတက် ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဝန်ကြီးချုပ်များက နည်းလမ်းရှာဖွေဆောင်ရွက်ကြရန်လို ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမြေအလုံအလောက် ရှိပြီး အဆိုပါစိုက်ပျိုးမြေများကို အပြည့်အဝအသုံးချ စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ကေများအားလုံးတွင် သီးထပ် စိုက်ပျိုးရေးများဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ သီးထပ်စိုက်ပျိုး မည်ဆိုပါက နွေရာသီကာလတွင် စိုက်ပျိုးရေးအတွက် ရေရရှိရေး နည်းပညာအသုံးပြု၍ ရေတင်စိုက်ပျိုးခြင်း များကိုဆောင်ရွက်နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း၊ ဆီအုန်း များစိုက်ပျိုးမှုကို စစ်ဆေးခဲ့ရာ အချို့စိုက်ပျိုးရေးမြေနေရာများတွင် အမှန်တကယ် စိုက်ပျိုးထားမှု မရှိသည်ကိုတွေ့ရှိရသဖြင့် စီမံခန့်ခွဲမှုများ တွင် လိုအပ်ချက်များရှိ သည်ကို တွေ့ရှိရကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျ ကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း။

## လက်တွေ့ပြနိုင်ဖို့လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “စိုက် ပျိုးရေးနဲ့ ပတ်သက်ရင်လည်း ဒီအတိုင်းပဲ။ ကျွန်တော် တို့က အထွက်နှုန်းနဲ့ပတ်သက်ရင် တစ်အချက် မြေကို အကျိုးရှိရှိလုပ်ဖို့ရှိတယ်။ နှစ်အချက်ကတော့ အထွက် ကောင်းအောင်လုပ်ဖို့ရှိတယ်။ မျိုးမကောင်းဘူးဆိုရင် မျိုးကောင်းအောင် ကျွန်တော်တို့ လုပ်ရမယ်။ ဒါစိုက်ပျိုး ရေးသုတေသနကလုပ်နေတယ်။ ဒါပေမယ့် စိုက်ပျိုးရေး သုတေသနက သုတေသနရလဒ်ကိုပဲ သူတို့က မျိုးလုပ် လိုက်တာ။ ကျွန်တော်တို့ စီးပွားဖြစ်ပေါ့။ တစ်နိုင်ငံလုံး ပျမ်းမျှ စပါးကေ ခုနကပြောတဲ့ ၁၅ သန်းရှိတယ်။ မိုးစပါး စိုက်တာ။ ဒီမှာ စပါးမျိုးပေါင်းများစွာရှိတယ်။ အဲဒီထဲ ကနေ ရွေးထုတ်ပြီးတော့မှ မျိုးကောင်း ဥပမာအားဖြင့် ပြည်နယ်နဲ့တိုင်းတစ်ခုမှာ နှစ်မျိုးပဲထား၊ ဥပမာအားဖြင့် ၂၈ မျိုး၊ နေပြည်တော်ပါရင် ၃၀၊ မျိုးပေါင်း ၃၀။ အဲ့ဒီမျိုး ပေါင်း ၃၀ ကို တကယ့်ကို အားလုံးလွှမ်းခြုံနိုင်အောင် ထုတ်ပေးနိုင်ဖို့ စီမံရမှာပေါ့။ သုတေသနပြုရုံနဲ့မရဘူး။ တွေ့ရှိချက်တစ်ခုနဲ့မရဘူး။ ဒါနောက်က ဘယ်လို အကောင်အထည်ဖော်မလဲ။ ဒီလိုသွားရမှာပေါ့။ နိုင်ငံတော် ကလုပ်မလား။ နိုင်ငံတော်ကလုပ်မယ်ဆိုရင် နိုင်ငံတော် ကဘယ်လိုစီမံမလဲ။ ကျွန်တော်တို့မှာ ဘယ်လိုဖြစ်နေ လဲဆိုတော့ သုတေသနတွေ့ရှိချက်တွေနဲ့ သရုပ်ပြတာ တို့နဲ့ပြီးသွားပြီး နောက်ကကျယ်ကျယ်ပြန့်ပြန့်လိုက်နိုင် ဖို့ကျတော့ အားလုံးမပါလာဘူးဖြစ်နေတယ်။ အားလုံး က အပေါ်ကနေခိုင်းမှ၊ အပေါ်ကနေ လုပ်ပေးမှ လုပ်မယ် ဆိုတဲ့စိတ်ရှိတယ်။ ဒီလိုလည်း မဖြစ်စေချင်ဘူး။ ဒီလိုတွေ ရှိပြီဆို ငါတို့ဒေသအတွက် ဘယ်လိုလုပ်မလဲ။ ဒီလိုတော့ သွားစေချင်တယ်။

ဒါက စပါး ဒီလိုပဲနေကြာ။ နေကြာမှာဆိုရင် ဒေသ အထွက်ကောင်းမျိုးရှိတယ်။ စပ်မျိုးရှိတယ်။ နှစ်မျိုးရှိ တယ်။ အခုကျွန်တော်ကြည့်တယ်။ စပ်မျိုးကတော့ တစ် ကေကို တင်း ၅၀ လောက် ထွက်တယ်။ ဒေသမျိုးကတော့ ၂၅၊ ၂၆ လောက် ပတ်ဝန်းကျင် ထွက်တယ်။ ဒေသအထွက် ကောင်းမျိုးတွေပေါ့။ ဒါဖြင့် ကျွန်တော်တို့က စပ်မျိုးရ အောင် ပြောင်းရမယ်။ ဘယ်လိုပြောင်းမလဲ ဒီဟာကို။ အစည်းအဝေးလုပ်နေလို့မပြီးဘူးလေ။ အကောင်အထည် ဖော်ဖို့လိုတယ်။ မျိုးတွေ၊ မျိုးဘယ်လို ရအောင်လုပ်မလဲ။ ဘယ်လိုနည်းနဲ့ရှာမလဲ။ နိုင်ငံတော်က ဆောင်ရွက်ရ မယ်။ ဟုတ်ပြီ နိုင်ငံတော်ကဆို ဘယ်လိုလုပ်မလဲ။ ဒီဟာ ကို။ ပုဂ္ဂလိက ကလုပ်။ ပုဂ္ဂလိကဆို ဘယ်လိုပေးမလဲ။ အရေးကြီးတာတော့ လက်တွေ့ပြနိုင်ဖို့ လိုတယ်” ဟုပြော ကြားသည်။

ဆက်လက် ပြောကြားရာတွင် နိုင်ငံအတွက် အဓိက ကျသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် မိမိတို့အနေဖြင့် ပြုပြင် ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်နေသည်ကို ထောက် ပြခြင်းပင်ဖြစ်ကြောင်း၊ ရေမြေသဘာဝအပေါ်မူတည်၍ မိမိတို့ဒေသနှင့်ကိုက်ညီသည့် ရာသီသီးနှံများကို စိုက်ပျိုး ရန်လိုကြောင်း၊ မြစ်ရေတင်စီမံကိန်းများကိုလည်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာမီးကို အသုံးပြုဆောင် ရွက်၍ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ရေ ရှားပါးသည့်ဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် နွေရာသီ၌ပါ စိုက်ပျိုးရေးလုပ်ငန်းကို

ဆောင်ရွက်၍ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်မှုများ ပြုလုပ်ရန်လိုကြောင်း။

**လျှပ်စစ် စီမံကိန်းများ အမြန်ပြီးစီးရေး**

လျှပ်စစ်မီးလိုအပ်ချက်နှင့်ပတ်သက်၍ ဒီဇယ်ဆီကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲလျက်ရှိသည့် ဒေသများတွင် ဒေသအလိုက်လျှပ်စစ်မီးရရှိရေးအတွက် နေ့ပိုင်းတွင်အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဒေသအလိုက်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ နေရောင်ခြည်ကောင်းစွာရရှိသည့် ဒေသများတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲခြင်းဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့် ရေနှင့်ဂက်စ်များ ပိုလျှံလာမည်ဖြစ်ပြီး ညပိုင်းလိုအပ်ချက်ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် စက်မှုလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် လူမှုကိစ္စများတွင် များစွာအသုံးပြုနေရကြောင်း၊ စက်သုံးဆီများမြောက်များစွာအသုံးပြု၍ဆောင်ရွက်ရသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများလည်းများစွာရှိကြောင်း၊ အဆိုပါ သယ်ယူပို့ဆောင်ရေးသုံး စက်သုံးဆီများနေရာတွင် လျှပ်စစ်ဓာတ်အားများဖြင့်အစားထိုးနိုင်ရေး နည်းလမ်း၊ စက်သုံးဆီဖူလုံအောင်ဆောင်ရွက်သည့် နည်းလမ်း၊ ပိုလျှံအောင်ပြုလုပ်ရသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လက်တလောဖြေရှင်းရာတွင် ဆိုလာမီးများဖြင့် အစားထိုးဆောင်ရွက်ခြင်း၊ ဒုတိယနည်းလမ်းမှာ နောင်နှစ်နှစ်သုံးနှစ်ခန့်တွင်ပြီးစီးလာမည့် စီမံကိန်းများဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အမြန်ဆုံးပြီးစီးစေရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း။

**ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်**

ပို့ကုန်နှင့်ပတ်သက်၍ ပြောကြားရာတွင် စိုက်ပျိုးရေးထုတ်ကုန်များကို စနစ်တကျဖြင့် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများအားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သွင်းကုန်များကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သွင်းကုန်နှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပို့ကုန်တိုးမြှင့်အောင်ဆောင်ရွက်၍ အဓိကသွင်းကုန်များဖြစ်သည့် စားသုံးဆီနှင့် စက်သုံးဆီတင်သွင်းမှုများကို တတ်နိုင်သမျှ လျှော့ချရန်လိုကြောင်း။

**ကိုဗစ်-၁၉ ကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးရမည်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ယခင်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၅၀ ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဖြစ်နိုင်ချေကို အနီးစပ်ဆုံးဖြစ်အောင် သုတေသနပြု တွက်ချက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၅၀ ရာခိုင်နှုန်းမျှော်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း အမှန်တကယ်လုပ်ဆောင်မည်ဆိုပါက ၆၀ ရာခိုင်နှုန်းကျော်သည်အထိပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်နေ့လျှင်ကာကွယ်ဆေးထိုးနှံမှု နှစ်သိန်းခွဲရှိပြီး သုံးသိန်းနီးပါးထိုးနှံနိုင်ခဲ့သည့် နေ့များလည်းရှိခဲ့ကြောင်း၊ ထိုနှုန်းအတိုင်းသာဆက်လက် ထိုးနှံမည်ဆိုပါက ယခုနှစ် ဖေဖော်ဝါရီနှင့်မတ်လအတွင်း၌ ကာကွယ်ဆေးထိုးနှံမှုကို ရာနှုန်းပြည့်ပြီးစီးသည်အထိဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူတိုင်းကာကွယ်ဆေးထိုးနှံပြီးစီးမည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဆေးထိုးနှံမှု၌လိုအပ်ချက်များရှိနေသေးသည်ကိုတွေ့ရှိရပြီး အကြမ်းဖက်သောင်းကျန်းသူများရှိနေသည့် နယ်မြေများမှလွဲ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်မည့်အခြေအနေများရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံထားမှသာလျှင် ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်မည်ဖြစ်သောကြောင့်ဒေသအလိုက်လုံခြုံရေးအစီအမံများဆောင်ရွက်ပြီး ကာကွယ်ဆေးထိုးနှံမှုကို လုပ်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

**စီမံခန့်ခွဲမှု၌ ဒေသနှင့်ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံ**

စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်ကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ကျယ်ကျယ်

ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်ကိုအသုံးချ၍ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး လုပ်ပိုင်ခွင့်ကို အသုံးချ၍ အမြတ်ထုတ်ဆောင်ရွက်ခြင်းများ မဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်ကောင်းစားရေးအတွက်ကိုသာ ရှေးရှုဆောင်ရွက်ကြစေလိုပြီး နိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နိုင်ငံရေးအမြင်များ ရှိရန်လိုကြောင်း၊ အမြင်လေးမျိုးဖြင့် အဘက်ဘက်မှ သုံးသပ်၍ တွေးခေါ်မျှော်မြင်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရည်မှန်းချက်များကို အောင်မြင်အောင်အကောင်အထည်ဖော်ရန် ကွပ်ကဲဆောင်ရွက်ရန်ဖြစ်ပြီး ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဒေသနှင့် ကိုက်ညီသည့် အစီအမံများ၊ ကွပ်ကဲအုပ်ချုပ်မှုပုံစံများဖြင့် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ အုပ်ချုပ်ဆောင်ရွက်နေရသည့် အချိန်ကာလအတွင်း နိုင်ငံတော်ကိုကောင်းအောင်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းကောင်းများ ကျန်ရှိရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**အသုံးစရိတ်များ ချွေတာသုံးစွဲ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ဌာနပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ၊ လုပ်ငန်းများအား ပုဂ္ဂလိကသို့ ငှားရမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မူလစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ၊ စည်းကမ်းဖောက်ဖျက်မှု ရှိ/မရှိ ပြန်လည်စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအလိုက် တတ်နိုင်သမျှချွေတာသုံးစွဲကြရန်အတွက် တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယင်းသို့ ချွေတာသုံးစွဲခြင်းဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ အမှန်တကယ်တိုးတက်မှုရှိအောင် လုပ်ဆောင်သွားကြရန်လိုအပ် ကြောင်း။

**တက္ကသိုလ်များ ပြန်ဖွင့်မည်**

၂၀၂၂ ခုနှစ် မေလတွင် တက္ကသိုလ်များ၊ သင်တန်းများအားလုံး ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွင့်လှစ်ချိန်တွင် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်မှုမျိုးစုံရှိလာနိုင်သဖြင့် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးကိစ္စရပ်များဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန်လိုကြောင်း။

**သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး**

ကိုဗစ်–၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ပြီဖြစ်သဖြင့် ယခုနှစ်သင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပပြုလုပ်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း သင်္ကြန်ပွဲတော်ကျင်းပရာတွင် လုံခြုံရေးအသိဖြင့် ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပဆောင်ရွက်သွားရန်လိုကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းများသည် ကြိုတင်ခန့်မှန်း၍ မရနိုင်သည့်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့များ စနစ်တကျပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုနှုန်းလျော့ကျသွားပြီး ဖြစ်သော်လည်း ပေါ့ဆ၍မရဘဲ သတိဝီရိယဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် ထိုးနှံပေးနိုင်ရေးအတွက် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ပါ သည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ
# (၂-၃-၂၀၂၂)

**ချစ်ခင်လေးစားရပါသော လယ်ယာစီးပွားလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစီးပွားလုပ်ငန်းရှင် တောင်သူလယ်သမားများကို အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားသည့် တောင်သူလယ်သမားနေ့ ရက်မြတ်အချိန်အခါတွင် လယ်ယာစီးပွားလုပ်ငန်းများနှင့် တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် ပုဂံခေတ်မတိုင်မီမှစ၍ ယနေ့ထက်တိုင် နှစ်ပေါင်းထောင်ချီ ရပ်တည်လာခဲ့ပြီး မြန်မာနိုင်ငံသားအများစုမှာ တောင်သူလယ်သမားများ သို့မဟုတ် လယ်ယာစီးပွားရေးကို အမှီပြု၍ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသူများဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက် အဓိကအရေးပါသူများဖြစ်ပါသည်။

တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရေးနှင့် အဓိကဝင်ငွေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြသူများဖြစ်သဖြင့် ကျေးဇူးရှင်တောင်သူဦးကြီးများဟုပင် မြန်မာနိုင်ငံသားအားလုံးက တင်စားပြောဆိုခဲ့ကြပြီး နှစ်စဉ် မတ်လ (၂) ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် ဂုဏ်ယူသတ်မှတ်ပေးခဲ့ကြပါသည်။

**ဦးစားပေးလုပ်ဆောင်လျက်ရှိ**

ယနေ့အချိန်ကာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံသာယာဝပြောမှုရှိစေရန်၊ စားရေရိက္ခာပေါများပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝစွာရရှိစေရန် ဦးစားပေးလုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတော်၏အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို တွန်းအားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာအတွက် တာဝန်ယူထုတ်လုပ်ပေးလျက်ရှိကြသော လယ်ယာစီးပွားလုပ်ငန်းရှင် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးကိုလည်း အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကဏ္ဍအသီးသီး၏ ကုန်ထုတ်လုပ်မှုတွင် အဟန့်အတားများစွာ ဖြစ်ပေါ်ခဲ့သော်လည်း အဓိကစားနပ်ရိက္ခာများထုတ်လုပ်မှုတွင် မူလအတိုင်း ထုတ်လုပ်နိုင်ခဲ့သည့်အတွက် လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု အရှိန်အဟုန်မကျဘဲ တိုးတက်မှုနှုန်း(၁)ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

လယ်ယာသားငါးကဏ္ဍအနေဖြင့် ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)တွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် မိုးစပါးစိုက်ဧက ၁၅ ဒသမ ၀၁ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်း သန်းပေါင်း ၁၀၅၃ ဒသမ ၇၃ တင်း ထွက်ရှိခဲ့ပါသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက စိုက်ဧက (၈၁၃၄၃)ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်း သန်းပေါင်း ၂ ဒသမ ၆၈ တင်း ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ပဲမျိုးစုံစိုက်ဧက ၉ ဒသမ ၆၃ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်း သန်းပေါင်း ၂၄ ဒသမ ၁၆ တင်း၊ ဆီထွက်သီးနှံစိုက်ဧက ၇ ဒသမ ၃၇ သန်းနှင့် အထွက်တင်းသန်းပေါင်း ၉၆ ဒသမ ၂၂ တင်း၊ အစေ့ထုတ်ပြောင်းစိုက်ဧက ၁ ဒသမ ၄၉ သန်း ဖြစ်ပြီး အထွက်တင်းသန်းပေါင်း ၇၉ ဒသမ ၆၅ တင်းထွက်ရှိခဲ့ပါသည်။

**ရေထွက်ပစ္စည်းများ ထုတ်လုပ်မှု**

အသား၊ ဥ၊ နို့ထုတ်လုပ်မှုအနေဖြင့် အသားပိဿာ ၆၂၄ ဒသမ ၁၂ သန်း၊ ဥအလုံးရေ ၃၀၆၁ ဒသမ ၄၄ သန်း၊ နို့ပိဿာ ၁၁၇၂ ဒသမ ၂၂ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက အသား ပိဿာ ၅၂ ဒသမ၂၅ သန်း၊ ဥအလုံးရေ ၃၈၇ ဒသမ ၀၁ သန်းနှင့် နို့ပိဿာ ၂၄ ဒသမ ၅၃ သန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေထွက်ပစ္စည်းများထုတ်လုပ်မှုတွင် ရေချိုငါး/ပုစွန်မှ တန်ချိန် ၂ ဒသမ ၇ သန်း၊ ရေငန်မှ တန်ချိန် ၃ ဒသမ၂ သန်း စုစုပေါင်းတန်ချိန် ၅ ဒသမ ၉သန်း ထွက်ရှိခဲ့ပါသည်။

လယ်ယာသားငါး အဓိကထွက်ကုန်များ ပြည်ပသို့ တင်ပို့မှုအနေဖြင့် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၆၆ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇၈ ဒသမ ၉၄ သန်း၊ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၇၅ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၂၄ ဒသမ၂၇ သန်း၊ ပြောင်းတန်ချိန် ၂ ဒသမ ၅၄ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၀ ဒသမ ၁ သန်း၊ နှမ်းတန်ချိန် သုည ဒသမ ၁၈ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃၆ ဒသမ ၃၃ သန်း၊ ရော်ဘာစိမ်းတန်ချိန် ( သုည ဒသမ ၂၄ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၁၁ သန်းနှင့် ရေထွက်ပစ္စည်းတန်ချိန် သုည ဒသမ ၅၁ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၀၅ ဒသမ ၆၃ သန်း အသီးသီးတင်ပို့နိုင်ခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု ကန့်သတ်ချက်များရှိနေသည့်ကြားမှ ပုံမှန်အခြေအနေမဟုတ်သော်လည်း ပြည်ပတင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်မှ အမေရိကန် ဒေါ်လာ ၃၆၅၀ ဒသမ ၂၈ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၅၁ သန်းနှင့် ရေထွက်ပစ္စည်းမှ အမေရိကန် ဒေါ်လာ ၇၀၅ ဒသမ ၆၃ သန်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၃၆၁ ဒသမ ၄၂ သန်းကို တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားများနှင့်တကွ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်သူများအားလုံးအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားနေသည့် ကာလအတွင်းမှာပင် ထုတ်လုပ်မှုများမလျော့ကျစေရန်၊ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရန်နှင့် ပြည်ပပို့ကုန် မကျဆင်းစေရန် အခက်အခဲများကြားမှ အချိတ်အဆက်မိမိ အားထုတ်ကြိုးပမ်းခဲ့မှုများအားလုံးနှင့် အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင် စိတ်ဓာတ်အပြည့်အဝဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြသော တောင်သူလယ်သမားကြီးများကို အလေးအနက်ဂုဏ်ပြုပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်အနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကိုအကျိုးရှိရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သီးနှံများ၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံသီးနှံနှင့် ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်သော သီးနှံများပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသနှင့် ကိုက်ညီသော သီးနှံနှင့် သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးခြင်း၊ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းစနစ်များ အသုံးပြုစိုက်ပျိုးစေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် စက်မှုလယ်ယာကူးပြောင်းနိုင်ရေးအတွက် အဆင့်မြင့်လယ်ယာမြေကွက်များ၊ လယ်ကြားလမ်းနှင့် ရေသွင်းရေထုတ်မြောင်းများ ဖော်ထုတ်ပေးခြင်း၊ အပူပိုင်းဇုန်ဒေသများတွင် နေရောင်ခြည် စွမ်းအင်သုံးရေတင်လုပ်ငန်း(Solar Pumping System)များ ဆောင်ရွက်ပေးခြင်း၊ ရေစုကန်၊ ရေလှောင်ကန်များ ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝဖွံ့ဖြိုး

တိုးတက်ရေးအတွက် ကဏ္ဍစုံမှ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူပင် တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲစိုက်ပျိုးပြီး ဝင်ငွေတိုးတက်စေရေးအတွက် သီးနှံအလိုက် မျိုးသန့်မျိုးစေ့များထုတ်လုပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် အသုံးပြုနိုင်စေရေးအတွက် ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်စီစဉ်ပြသ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်လက်၍လည်း ပြည်နယ်/တိုင်းဒေသကြီးများအလိုက် နှစ်စဉ်မျိုးစေ့ပြပွဲများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် တိရစ္ဆာန်ပြပွဲပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေး၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ နှစ်လက်မအရွယ် ငါး/ပုစွန်သားပေါက်ကောင်ရေ ၁၄၀ ဒသမ ၆၅ သန်းအား ငါးမျိုးစိုက်ထည့်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှလည်း ငါးသားပေါက် (ငါးမှုန်ငါးသန်) သန်း ၉၆၆ ဒသမ ၈၇ ကို ထုတ်လုပ်ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ သယ်ယူပို့ဆောင်မှုလွယ်ကူလျင်မြန်စေရန် ကျေးလက်ကုန်ထုတ်လမ်း စုစုပေါင်း ၁၁၈၆/၀.၂ မိုင်၊ ကုန်ထုတ်တံတားအစင်း ၁၇၂၀ ခု ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း ၁၄၆၉ နှင့် စိုက်ပျိုးမွေးမြူရေးဧက ၇ ဒသမ ၈၆ သိန်းကို အကျိုးပြုစေခဲ့ပါသည်။ ကျေးလက်ဒေသမီးလင်းရေးအတွက် ကျေးရွာပေါင်း ၁၀၁ ရွာ၊ အိမ်ခြေ ၁၀၂၇၈ အား ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်၊ မိုးရေလှောင်ကန်စသည့် ရေရရှိရေး လုပ်ငန်းပေါင်း ၅၂၆၈ ခုကို အိမ်ခြေ ၇ ဒသမ ၂ သိန်း၊ လူဦးရေ ၃ ဒသမ ၅ သန်းအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် တောင်သူလယ်သမားများ၏ သီးနှံများထိခိုက်ပျက်စီးမှုများအား ထိန်းသိမ်းကာကွယ်နိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍ အသီးသီးမှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

**ပြောင်းလဲကျင့်သုံးသွားရမည်**

တစ်ဖက်တွင် သစ်တောပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ရေရှည်စိုက်ပျိုးနိုင်ပြီး မြေဆီလွှာ အရည်အသွေး တိုးတက်မြင့်မားလာစေမည့် သဘာဝမြေဩဇာများ တိုးတက်အသုံးပြုခြင်း အပါအဝင် သီးနှံစိုက်ပျိုးနည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးသွားရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက စားနပ်ရိက္ခာ မလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့များပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ရန်ပုံငွေများလျာထားသတ်မှတ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အသင့်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို အထောက်အကူဖြစ်စေရန် အကျိုးတူကန်ထရိုက် လယ်ယာစနစ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ လက်ရှိပြဋ္ဌာန်းထားသော လိုက်နာဆောင်ရွက်သင့်သော နည်းလမ်းများနှင့် ညီညွတ်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဌာနများပေါင်းစပ်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာထွက်ကုန်များ၏ ဈေးကွက်နှင့် ဈေးနှုန်းတို့ကို အာမခံပေးနိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကိုလည်း ရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝအခြေအနေ မြင့်တက်လာစေရန် မြေပြုပြင်စိုက်ပျိုးသည်မှ ဈေးကွက်သို့ တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ပတ်သက်သူများ အချင်းချင်းအကြား ယုံကြည်မှုများ တည်ဆောက်ပြီး ပေါင်းစပ်ဆောင်ရွက်မှု အရှိန်အဟုန်မြင့်တင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်

ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ၂၀၁၉ ခုနှစ်မှစ၍ နှစ်စဉ်အခြေခံ ရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအား တောင်သူများ သင့်လျော်သည့်ဈေးနှုန်းဖြင့် အရစ်ကျဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုကုစားရေးအတွက် တောင်သူလယ်သမားများ ရင်းနှီးမြှုပ်နှံနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေ ၁၉၂၆ ဒသမ ၆၁ ဘီလီယံကျပ်၊ JICA နှင့် မြန်မာ့စီးပွားရေးဘဏ်၏ နှစ်ဆင့် ချေးငွေ(Two Step Loan) ၁၈၂ဒသမ ၁၉ ဘီလီယံကျပ်၊ ကိုဗစ်-၁၉ အထူးချေးငွေ ၄၂၁ ဒသမ ၂၉ ဘီလီယံကျပ် စုစုပေါင်း ၂၅၃၀ ဒသမ ၀၉ ဘီလီယံကျပ် ထုတ်ချေးပေးထားပြီး ဖြစ်ပါသည်။

ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား

ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP)၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices-GAHP)၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(Good Aquaculture Practices-GAqP)တို့နှင့်အညီ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ရန်အတွက် တောင်သူလယ်သမားများသို့ ပညာပေးလျက်ရှိပါသည်။

**အခိုင်အမာတည်ဆောက်ပေးနေ**

သီးနှံသားငါးများထုတ်လုပ်မှု တိုးတက်ရေးအတွက် သာမက စားသုံးသူပြည်သူများ၏ အစားအစာလုံခြုံစိတ်ချရမှုရှိရေး (Food Safety)နှင့် လယ်ယာထုတ်ကုန်များ နိုင်ငံတကာဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ အခိုင်အမာတည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတုဆိုင်ရာ၏ သတင်းအချက်အလက်များနှင့်ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မိုဘိုင်းဖုန်းများမှတစ်ဆင့် ကြည့်ရှုရယူအသုံးပြုနိုင်ရေး ဒစ်ဂျစ်တယ်နည်းပညာဖြင့် အသုံးချဖြန့်ဝေပေးခြင်း၊ ပညာပေးစာစောင်နှင့် ဂျာနယ်များ၊ သတင်းများထုတ်ပြန်ဖြန့်ဝေခြင်းအပြင် လယ်ယာကဏ္ဍဆိုင်ရာ သတင်းများ၊ ပညာပေးနှင့်ဖြေဖျော်ရေးအစီအစဉ်များ စသည့်ကဏ္ဍစုံပါဝင်သော "တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း (Farmer Channel)" ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် တောင်သူလယ်သမားများ လယ်ယာကဏ္ဍ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လယ်ယာစီးပွားလုပ်ငန်းရှင် စိတ်ဓာတ်အပြည့်အဝဖြင့် ဖွဲလုံ့လအားစိုက်ပြီး ထုတ်လုပ်မှုတည်ငြိမ်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင် တောင်သူလယ်သမားများအား အထူးကျေးဇူးတင်ရှိပါသည်။

မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသည့်မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ စက်ကိရိယာနှင့် နည်းပညာများအား မိမိ၏ အတွေ့အကြုံ၊ လုံ့လဝီရိယဖြင့် ပေါင်းစပ်ဆောင်ရွက်ပါက လူမှုစီးပွားဘဝ ကေန်မလွဲတိုးတက်လာမည်ဖြစ်ရာ "ဆင်းရဲလို့ လယ်လုပ်" ဆိုသည့် ဆိုစကားကို ပယ်ဖျက်နိုင်မည်ဖြစ်ပါသည်။

**ပေါင်းစည်းအင်းအားဖြင့်**

သို့ဖြစ်ရာ လယ်ယာစီးပွားလုပ်ငန်းရှင်တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့်၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နိုင်ရန်အတွက် တွေ့ကြုံရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ပူးပေါင်းရင်ဆိုင် ဖြေရှင်းလျက် သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးကို တက်ညီလက်ညီ အားလုံးလက်တွဲကြိုးပမ်းကြပါစို့ဟု အလေးအနက်တိုက်တွန်းအပ်ပါသည်။

■ ■ ■

# (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ
# (၁၉- ၃ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများ ခင်ဗျား –**

ယနေ့ မတ်လ(၁၉) ရက်နေ့တွင် ကျရောက်သော (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့ မင်္ဂလာအခါသမယ၌ မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံးကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့်ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ တောင်ဘက်တွင် တည်ရှိပြီး ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာမှာ တည်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

မွန်ပြည်နယ်နေ့သည် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ် (၁) အား မွန်ပြည်နယ်အဖြစ် ကမ္ပည်းတင်ရေးသားခဲ့သည့် မတ်လ(၁၉)ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ယင်းအချိန်ကစ၍ မွန်ပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားများအား တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုအခြေခံလျက် စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတပြီး သဘာဝအရင်းအမြစ်များဖြစ်သည့် ဇင်းကျိုက်တောင်၊ နွားလပို့တောင်၊ မုတ္တမတောင်၊ တောင်ညိုတောင်တန်းစသည့် တောတောင်မြစ်ချောင်းများနှင့် စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသည့်အတွက် မြေသယံဇာတ၊ ရေသယံဇာတများ ကြွယ်ဝသော ဂုဏ်ယူဖွယ်ရာ သာယာလှပသည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

**သမိုင်းမှတ်တမ်းများ အထင်အရှားရှိ**

မွန်ပြည်နယ်အတွင်း အံ့ချီးဖွယ်ရာ ကျိုက်ထီးရိုးစေတီအပါအဝင် ရှေးဟောင်းတန်ခိုးကြီး ဘုရားများစွာတည်ရှိပြီး သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်တို့က စစ်မှန်သော ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်နိုင်ခဲ့ကြသဖြင့် သုဝဏ္ဏဘူမိဒေသသည် ဗုဒ္ဓဘာသာစတင်ထွန်းကားပြန့်ပွားရာ ဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများ အထင်အရှားရှိခဲ့ပါသည်။

မွန်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုသည် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာရှိခဲ့သည့် လူမျိုးနွယ်တစ်စုဖြစ်ပြီး ယခုအခါတွင် မွန်ပြည်နယ်၌ မွန်၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်းစသည့် တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများက အေးအေးချမ်းချမ်းညီညီညွတ်ညွတ်ဖြင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြပါသည်။

မွန်တိုင်းရင်းသားများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်

ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားတို့ဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြသူများဖြစ်ပြီး သမိန်ဗရမ်း၊ လဂွန်းအိမ်နှင့် အဲမွန်ဒယာကဲ့သို့သော သူရဲကောင်းများ ပေါ်ထွန်းခဲ့သည့် ဒေသဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ နေရာဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်ပေါင်းရာနှင့်ချီ၍ ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသော်လည်း နယ်ချဲ့တို့၏မတရားသဖြင့် ကျူးကျော်သိမ်းပိုက်မှုကြောင့် နှစ်ပေါင်း (၁၀၀) ကျော် ကိုလိုနီကျွန်ဘဝရောက်ခဲ့ရပါသည်။ နယ်ချဲ့တို့သည် မိမိတို့နိုင်ငံ၏ ကျွန်းသစ်၊ ရေနံ၊ ကျောက်မျက်ရတနာ၊ တွင်းထွက်သတ္တုစသည့် သဘာဝအရင်းအမြစ်များကို ထုတ်ယူ၍ ကုပ်သွေးစုပ်ခြယ်လှယ်အမြတ်ထုတ်ခဲ့ကြပါသည်။

ထိုကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံမှ နာလန်မထူနိုင်အောင် ဖိနှိပ်ထိန်းချုပ်ခဲ့သည့် ကိုလိုနီကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများက အသက်သွေးချွေးမြောက်မြားစွာ စတေးပြီး တွန်းလှန်တိုက်ပွဲဝင်ကာ လွတ်လပ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့ကြပါသည်။

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ပွဲဝင်ခဲ့ရာတွင် မွန်အမျိုးသားတိုင်းရင်းသားခေါင်းဆောင်များလည်း ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဂုဏ်ယူဖွယ်ရာ အထင်အရှားတွေ့ရှိရပါသည်။

သို့ရာတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှစ၍ ကိုလိုနီစနစ်၏အမွေဆိုးကြောင့် ညီအစ်ကိုအချင်းချင်း ကြားနိုင်ငံရေးအယူဝါဒ မတူညီမှုများနှင့် သံသယများဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်း မပြုနိုင်ကြဘဲ လက်နက်နှင့်ဖြေရှင်းကြသည့်အတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကာလရှည်ကြာပြီး ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးခဲ့ရပါသည်။ သို့သော်လည်း မွန်ပြည်နယ်ရှိ မွန်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် မွန်ပြည်သစ်ပါတီက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီး မွန်ပြည်နယ်၏ ငြိမ်းချမ်းရေး သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်မိပါသည်။

ရှေ့ဆက်လက်၍လည်း မွန်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ ယုံကြည်လေးစားမှုများကို ယခုထက်ပိုမိုတိုးမြှင့်တည်ဆောက်ကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများ ခင်ဗျား –**

တိုင်းရင်းသားပေါင်းများစွာနှင့် တည်ဆောက်ထားသည့် ပြည်ထောင်စုကြီး၏ ဂုဏ်ယူတန်ဖိုးထားရသော ရိုးရာယဉ်ကျေးမှုအစဉ်အလာ အလေ့အကျင့်ကောင်းများကို လေ့လာသတိရရှိစေမည့် ယခုလို အထိမ်းအမှတ်အခမ်းအနားများသည် ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်ပေးပြီး မိမိတို့နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုအင်အားများကို ပိုမိုရှင်သန်ခိုင်မာစေမည်ဟု ယုံကြည်ပါသည်။

ဤကဲ့သို့ ရရှိပြီးသော အခြေအနေကောင်းများကို ပိုမိုဖွံ့ဖြိုးစေပြီး အလေးအမြတ်ထားရသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မွန်ပြည်နယ်၏ အခြေခံကောင်းများဖြစ်သည့် သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများကြွယ်ဝခြင်း၊ မြတ်ဗုဒ္ဓ၏ သာသနာထွန်းလင်းတောက်ပရာဒေသဖြစ်ခြင်း၊ မွန်တိုင်းရင်းသားတို့၏ ရှည်လျားလှသောသမိုင်းစဉ်နှင့် အဆင့်မြင့်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိခြင်း၊ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းရိုးတန်းဧရိယာများနှင့် ထိစပ်နေခြင်းတို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိခြင်းဖြင့် ဆယ်စုနှစ်အတွင်း အရှိန်အဟုန်ဖြင့် တိုးတက်လာနိုင်သည့် အလားအလာကောင်းများ တွေ့မြင်နေရပြီဖြစ်ပါသည်။

အလားတူစွာ မွန်ပြည်နယ်အတွင်း နိုင်ငံတော်၏ အစီအမံဖြင့် နိုင်ငံတကာအဆင့်မီအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများကို

ပါ စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်သူ/ပြည်နယ်သားတို့၏ပါဝင်မှု စွမ်းအားဖြင့် တက်ညီလက်ညီတည်ဆောက်ခြင်းဖြင့် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု မျှော်လင့်ချက်ကို ရယူခံစားနိုင်တော့မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ရရှိပြီးသောအခြေအနေကောင်းများကို အခြေခိုင်စေရန်နှင့် ၎င်းမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား၊ ဒေသနှင့် ဒေသနေပြည်သူများ၏ လူမှုအကျိုးစီးပွားများ တိုးတက်ဖြစ်ထွန်းမြင့်မားစေရန်တို့အတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါရန် ယခုကဲ့သို့ပေးပို့သော နေ့ထူးနေ့မြတ်အခါသမယတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အမှန်စင်စစ် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီနောင်များအားလုံးတန်းတူ ခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တစ်မြေတည်းနေ၊ တစ်ရေတည်းသုံး၊ ဒို့အားလုံးသည် သွေးချင်းညီအစ်ကိုများဟူသည့် စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား၊ ဒို့အားလုံးသည် သားချင်းများဟူသည့် စိတ်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွ ရင်းနှီးချစ်ကြည်စွာနေထိုင်ကြသည့် မိသားစုများဟူသည့် စိတ်၊ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်တို့ဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

**နိဂုံးချုပ်အနေဖြင့် (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနေ့တွင် –**

- ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမွေအနှစ်များ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ၊
- မွန်ဒေသအတွင်းရှိ တိုင်းရင်းသားများအပါအဝင် နိုင်ငံသားတိုင်း စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုအကျိုးကို ဆထက်ထမ်းပိုးသယ်ပိုးနိုင်ကြပါစေ၊
- မွန်တိုင်းရင်းသားများသည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တက်ကြွစွာပါဝင်ခဲ့သည့် နည်းတူ ဆက်လက်ဆောင်ရွက်မည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ထူထောင်နိုင်ရေးတွင်လည်း အားသွန်ခွန်စိုက် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်ပါစေ၊
- ပြည်နယ်အကျိုး၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားများ၏အကျိုး ပိုမိုတိုးတက်မြင့်မားရလေအောင် သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းရင်းဖြင့် ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

■ ■ ■